ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် သောကြာနေ့။ Friday, 10 July 2026 ၁၂၃၅

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

# အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## အိမ်နီးချင်းနိုင်ငံများနှင့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများကို မိမိတို့အစိုးရ တာဝန်ယူထားရသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

အိန္ဒိယ–မြန်မာ– ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးမျိုးသန့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



## ရန်ကုန်မြို့ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့ အထူးကုဆေးရုံကြီး(ခုတင်–၅၀၀) ၌ အကြိမ်(၄၀)မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖြစ် အသက်(၄၈)နှစ်ရှိ အသည်းလူနာ အမျိုးသားနှင့် အသက် (၂၅)နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီးတူအရီးတို့ကို ဇူလိုင် ၃ ရက်က ခွဲစိတ်ကုသဆောင်ရွက်ခဲ့ပြီး လူနာနှင့် အသည်းအလှူရှင် နှစ်ဦးတို့အား

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

**နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆုံးဖြတ်ချက်အဆို တင်သွင်းခြင်းတို့သည် မြန်မာနိုင်ငံ၏ ပကတိမြေပြင် အခြေအနေမှန်ကို ထင်ဟပ်နိုင်ခြင်းမရှိ**

စာမျက်နှာ » ၅

**မြန်မာ့အနာဂတ်အတွက် အရေးပါလှတဲ့ လူဦးရေအချက်အလက်**

ဆောင်းပါး စာမျက်နှာ » ၁၂

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၆၂၇၉၉၆ ဧက စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိရာ ယခု မိုးစပါး ၆၂၇၉၉၆ ဧကကို စိုက်ပျိုးထားပြီး ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○



## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ



ကြေးမုံ

# အများပြည်သူအကျိုးစီးပွားရေးရှု အခွန်ကင်းလွတ်ခွင့်ထပ်မံခွင့်ပြု

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏စီးပွားရေးတည်ငြိမ်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ သက်သာချောင်ချိမှုရှိစေရေး၊ အခွန်ကဏ္ဍ ရေရှည်အခြေခံခိုင်မာရေးတို့ကိုရည်ရွယ်သည့် မူဝါဒဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိတွင် ပြည်ပသွင်းကုန်များနှင့်ပတ်သက်၍ အများပြည်သူအကျိုးစီးပွားကိုရှေးရှုပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဖြစ်ပေါ်နေသော အခြေအနေများအပေါ် မူတည်၍ အခွန်ကင်းလွတ်ခွင့်ကာလများကို မကြာခဏ ထပ်မံတိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

ယခုအခါတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခများအခြေအနေမှာမပြီးပြတ်သေးဘဲ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် ကမ္ဘာ့စက်သုံးဆီ အခက်အခဲများနှင့် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် စက်သုံးဆီ (ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသော အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်( ၂ ရာခိုင်နှုန်း)တို့ကို တစ်လချင်းအလိုက် ကင်းလွတ်ခွင့်ပြုပေးလျက်ရှိသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ အခွန်ကင်းလွတ်ခွင့် ပြုပေးခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD(500 ppm) အပေါ်အကျုံးဝင်စေမည့် အခွန်ကင်းလွတ်ခွင့်ကာလကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုသည့် ဒီဇယ်ဆီ HSD(500 ppm) ဈေးနှုန်းတည်ငြိမ်စေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်သည်။

အလားတူ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်ချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ပြည်သူလူထုအတွက် ဓာတ်အားခဈေးနှုန်းများ သက်သာစေရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို အထက်ပါကာလများနှင့် အကြောင်းအရာများအတိုင်း အခွန်ကင်းလွတ်ခွင့်ကို ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးထားသည်။ ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်များကိုလည်း အလားတူကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း မြင့်တက်နေမှုသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက်ရိုက်ခတ်မှုရှိနေသည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းညှိဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်း ပဋိပက္ခဖြစ်ပွားနေမှုအခြေအနေများနှင့် ကမ္ဘာ့လောင်စာဆီ ဈေးနှုန်းအခြေအနေများ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်များ၊ ကုန်စည်ဈေးနှုန်းအခြေအနေများ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်နေမှုအခြေအနေများကို လစဉ်စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်ပေါ်နေသော လောင်စာစွမ်းအင်အကျပ်အတည်းကြောင့် အများပြည်သူ ထိခိုက်နစ်နာမှုမရှိစေရန်အတွက် မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှု ထိန်းညှိဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ၏ အကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပေးကြရန်နှင့် ပြည်သူလူထုကလည်း နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြန်လည်တန်ဖိုးထားပြီး စွမ်းအင်ဆိုင်ရာပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက် ပေးလျက်ရှိရာ ၁-၇-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၅-၅-၂၀၂၆ ရက်နေ့မှ ၅-၆-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေခုနစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းငါးဦး စုစုပေါင်း ၁၅ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၁၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၀၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားများ ပျောက်ဆုံးမှုကျဆင်းရေး ကွင်းဆင်းဆောင်ရွက်

ဝမ်းတွင်း ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားလိုင်း အပြစ်လျော့နည်းရေးနှင့် လျှပ်စစ်ဓာတ်အားများ ပျောက်ဆုံးမှုကျဆင်းရေးကို ယနေ့နံနက်က ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်းရှိ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားလိုင်းကြံ့ခိုင်ရေး၊ ဓာတ်အားလိုင်း အပြစ်လျော့နည်းရေး၊ ဓာတ်အားပျောက်ဆုံးမှုကျဆင်းရေးအတွက် ၁၁ ကေဗီ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## ကျောင်းကုန်းမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက “ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်” စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကညင်သုံးဆင့်ကျေးရွာကုန်ထုတ်လမ်း၌ ဇူလိုင် ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ဌာနဆိုင်ရာများက ပြည်သူများအား ပျိုးပင်များကို ပေးအပ်ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ပျဉ်းကတိုး၊ မန်ဂျန်ရှား၊ ခရေနှင့် ရေတမာ စုစုပေါင်း ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ၉ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၇,၅၀၀ | ၉၉ | ၁,၇၃၂,၅၀၀ |
| MTSH | ၈,၆၀၀ | ၈,၄၀၀ | ၁,၂၂၄ | ၁၀,၃၇၃,၃၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၅၀၀ | ၃၂၃ | ၄,၃၆၀,၅၀၀ |
| FPB | ၇,၂၀၀ | ၇,၁၀၀ | ၈၅၅ | ၅,၈၇၈,၃၀၀ |
| TMH | ၄,၀၀၀ | ၃,၈၀၀ | ၉၅ | ၃၆၁,၆၀၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၁,၆၃၉ | ၃,၁၉၇,၁၅၀ |
| AMATA | ၄,၁၀၀ | ၃,၉၅၀ | ၁၄၃ | ၅၈၁,၄၅၀ |
| MAEX | ၆,၄၀၀ | ၆,၃၀၀ | ၈၅၁ | ၅,၃၁၇,၅၀၀ |
| MADPL(PLB) | ၇,၀၀၀ | ၆,၉၀၀ | ၃၂၈ | ၂,၂၇၃,၈၀၀ |
| ASPGB(PLB) | ၆၂,၀၀၀ | ၆၀,၀၀၀ | ၄၁၄ | ၂၄,၉၃၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်း ငါးနိုင်ငံရှိပြီး ကုန်းလမ်းဆက်သွယ်မှု လမ်းကြောင်း၊ ရေလမ်းဆက်သွယ်မှု လမ်းကြောင်းများရှိကြောင်း၊ အဆိုပါ **အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှု လမ်းကြောင်းများသည် နယ်စပ်ဒေသ ကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြု**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အဆိုပါစီမံကိန်းများသည် ယခင်အစိုးရများ အဆက်ဆက်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့်နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူသည့်ကာလတွင် အမြန်ဆုံး ပြီးပြတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် တရားဝင်စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီလမ်းကြောင်းသည်လည်း နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများတစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိရန်လိုအပ်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးအနေဖြင့်လည်း မိမိတို့နိုင်ငံအလိုက် ယာဉ်မောင်းနှင်သည့်စနစ်များ တူညီမှုမရှိသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အဆိုပါ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့်ပတ်သက်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့နှင့် ပူးပေါင်းဆောင်ရွက်သည်များလည်းရှိကြောင်း၊ **ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လို**ကြောင်း။

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံနှင့် ဆက်သွယ်အသုံးပြုလျက်ရှိသည့် မုံရွာ-ယာကြီး-ကလေး - တမူးလမ်းကြောင်းသည် မိမိတို့နိုင်ငံနှင့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ် ခြောက်ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံမှုများရရှိပါက မိမိတို့အတွက် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးအခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့သည်လည်း မိမိတို့နိုင်ငံထက် လူဦးရေနှင့် စီးပွားရေးအခွင့်အလမ်းများများစွာရှိသည့် ပြည်နယ်များဖြစ်သဖြင့် ကုန်သွယ်မှုပြုလုပ်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်းယခင်ကတည်းက အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဆက်စပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နိုင်မည်ဆိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။




**မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆောက်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ ဥပဒေအရထိန်းချုပ်ရေးပိုင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက် သဘောတူညီချက်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သဘောတူညီချက်များကို ပြီးပြတ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာများ ကောင်းမွန်လာပြီဆိုပါက တည်ဆောက်ရေးပိုင်းများကို တစ်ပြိုင်တည်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် နှစ်နိုင်ငံအစိုးရအချင်းချင်း ဆောင်ရွက်ရခြင်းဖြစ်ပြီး မည်သည့်ကြားခံအဖွဲ့အစည်းမှ မလိုအပ်ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများသာမက နှစ်နိုင်ငံနယ်စပ်ဒေသတွင် နေထိုင်ကြသည့် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီကြသည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ကူးလူးဆက်ဆံမှုများကိုလည်း တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့**နယ်စပ်ဒေသနေပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများ ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံလုံခြုံရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး တို့ကိုလည်း များစွာ အထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် ယခုစီမံကိန်းများသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နှစ်နိုင်ငံဆက်ဆံရေးကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် လုပ်ငန်းများဖြစ်သဖြင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်း(India–Myanmar–Thailand Trilateral – IMT Highway Project)၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် "ဒေသတွင်း၌ အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံ စည်ပင်ထွန်းကားလာစေရေးနှင့် စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းတို့ကို အပြီးသတ်နိုင်ရေး"ဟူသည့်အချက်ပါရှိခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် နောက်ခံသမိုင်းကြောင်းဆိုင်ရာများ၊ မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ပို့ဆောင်ရေးစင်္ကြံများနှင့် စီမံကိန်းအနေဖြင့် စီးပွားရေးစင်္ကြံများတွင် ပါဝင်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ လမ်းကြောင်းသတ်မှတ်ချက်များ၊ စီမံကိန်းတွင်ပါဝင်သည့် လမ်းပိုင်းများနှင့် လမ်းပိုင်းများအလိုက် ဘဏ္ဍာငွေရရှိမှုအခြေအနေများ၊ စီမံကိန်း ဖြစ်မြောက်စေရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ပလက်ဝ – ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ နောက်ခံသမိုင်းကြောင်းနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့မှုနှင့် သဘောတူစာချုပ်များအရ စီမံကိန်းတွင်ပါဝင်သည့်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နားလည်မှုစာချွန်လွှာများရေးထိုးခြင်းနှင့် Port Operator များ ရွေးချယ်ခန့်ထားခြင်းများ ဆောင်ရွက်ခဲ့မှု၊ စစ်တွေကုလားတန်ဆိပ်ကမ်းတံတား ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့မှုနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတားနှင့် ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ခဲ့မှု၊ စစ်တွေကုလားတန်ဆိပ်ကမ်းတံတားတွင် ရေယာဉ်များဆိုက်ကပ်ခြင်းနှင့် ကုန်စည်များကိုင်တွယ်နိုင်မှုအခြေအနေများ၊ စီမံကိန်းပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့်ကုန်စည်များ မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှုစည်းကမ်းဆိုင်ရာ မူဘောင်သဘောတူစာချုပ်ဆိုင်ရာ အချက်အလက်များ၊ အိန္ဒိယ – မြန်မာ – ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမစီမံကိန်း ပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသ ကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာ အထောက်အကူပြု**

❖ **မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေး ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

❖ **ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လို**

❖ **ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China Myanmar Economic Corridor-CMEC) နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာအရ အရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်စတင်နိုင်ရေး ဆောင်ရွက်သွားကြရမည်**

❖ **အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများတွင်ပါဝင်သည့် မဟာဗျူဟာအရ အရေးပါသည့်အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများအား မိမိတို့အစိုးရ တာဝန်ယူထားရသည့်ကာလအတွင်းရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလို**

✰ စာမျက်နှာ ၃ မှ

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေး လမ်းမစီမံကိန်းတို့တွင် ပါဝင်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းလုပ်ငန်းများ ရပ်တန့်လျက်ရှိမှု၊ သုံးနိုင်ငံအဝေးပြေးလမ်းမ စီမံကိန်းအနေဖြင့် အာရှလမ်းမကြီး၏ လမ်းပိုင်းဖြစ်သည့် တမူး-မန္တလေး-ပဲခူး-မြဝတီလမ်း (Asian Highway – AH 1) နှင့် ထပ်တူဖြစ်လျက်ရှိမှု အခြေအနေများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းဆိုင်ရာများနှင့် စီးပွားရေးစင်္ကြံ များ ပါဝင်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း၏အစိတ်အပိုင်းဖြစ်သည့် ပလက်ဝ-ဇိုရမ်ပူရီ နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှု သမိုင်းကြောင်း ဆိုင်ရာများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၏ ကလေး၀-ယာကြီး လမ်းဖောက်လုပ်ခြင်း လုပ်ငန်း၊ တမူး-ကျီကုန်း-ကလေး၀ လမ်းပိုင်းပေါ်ရှိ တံတား ၆၉ စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တမူးနယ်စပ်၌ အဆင့်မီ ဘက်ပေါင်းစုံစစ်ဆေးရေးဂိတ် (ICP) အဆင့်(၁)တည်ဆောက်ခြင်း လုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်လျက်ရှိမှုအခြေအနေများ၊ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းတွင် ပါရှိသည့်လမ်းပိုင်းများ၏ အချက်အလက်များနှင့် လက်ရှိလမ်းပိုင်းများနှင့် လမ်းပိုင်းများပေါ်ရှိတံတားများ၏ အခြေအနေများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (China Myanmar Economic Corridor–CMEC) နှင့် ဆက်စပ်လျက်ရှိသည့် လမ်းပိုင်းများ ဆိုင်ရာအချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညီညီစောနှင့် အစည်းအဝေးတက်ရောက်လာကြသူများက စီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နယ်စပ်ဂိတ်များဖွင့်လှစ်၍ တရားဝင်ကုန်သွယ်မှုများဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းလမ်းကြောင်းများအလိုက် လုံခြုံရေးပိုင်းအရဆောင်ရွက်ပြီး ချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဝင်ရောက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည့်အမြင် (၄)မြင်တို့ဖြင့် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများ၏အကျိုးအပြစ်များကိုလည်း သိရှိနားလည်နိုင်ရန် လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဟာဗျူဟာမြောက် စီမံကိန်း လမ်းမကြီးများကို အသုံးချ၍ တရားမဝင် ကုန်သွယ်မှုများ မဖြစ်စေရေးအတွက်လည်း လိုအပ်သည့်ထိန်းသိမ်း ကြပ်မတ်မှုများရှိနေရန်လိုကြောင်း၊ လမ်းကြောင်း တစ်လျှောက် လမ်းများကောင်းမွန်စေရေးနှင့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက်လည်း စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ အတိုင်း ဖြစ်ရန်လိုပြီး လမ်းတစ်လျှောက်၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ စနစ်တကျဖောက်လုပ်ထားရှိရန်နှင့် လမ်းကြောင်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရေး သစ်ပင်စိုက်ပျိုးခြင်းကိုလည်း မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ သတ်မှတ်အချိန်ကာလ အတွင်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက် လာနိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ **စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအောင်မြင်ပြီးစီးစေရေး အလေးထား၍ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။**

**နယ်စပ်ဂိတ်များနှင့် ပတ်သက်၍ နယ်စပ်ဆိုင်ရာ စီမံခန့်ခွဲရေးသည် သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရများကသာ အဓိကတာဝန်ယူ ကြပ်မတ်ကွပ်ကဲစီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း၊ မည်သည့်အခြားနိုင်ငံကမျှ ဝင်ရောက်စွက်ဖက်၍ မရကြောင်း၊** နယ်စပ်ဂိတ်များဖွင့်လှစ်ရာတွင် ဝန်ထမ်းအိမ်ရာနှင့် ဆက်သွယ်ရေးစနစ်များ၊ ရေ၊ မီးနှင့် လုံခြုံရေး စသည်တို့ကိုလည်း စနစ်တကျ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ယနေ့ဆွေးနွေးမှုများတွင် ပါဝင်သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းနှင့်** ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း များမှာ ယခုအခါ လုပ်ငန်းများပြန်လည် စတင်ဆောင်ရွက်လျက်ရှိပြီး ယခုထက် ပိုမိုအရှိန်အဟုန်ဖြင့် တိုးတက်ပြီးစီးစေရေး ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးသွား ကြရန်လိုကြောင်း၊ ပဲခူး၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီထိုင်းနယ်စပ် အမြန် လမ်းမကြီးကိုလည်း လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး စီမံသွားရန်လိုကြောင်း။

ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China Myanmar Economic Corridor–CMEC)နှင့် ဆက်စပ် လျက်ရှိသည့် မဟာဗျူဟာအရ အရေးပါ သည့်အဝေးပြေးလမ်းမကြီးများ ဖောက် လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့် လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်စတင် နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများ တွင်ပါဝင်သည့် မဟာဗျူဟာအရ အရေး ပါသည့်အဝေးပြေးလမ်းမကြီးများ ဖောက် လုပ်ရေးလုပ်ငန်းများအား မိမိတို့အစိုးရ တာဝန်ယူထားရသည့် ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အောင်မြင်အောင် အကောင် အထည်ဖော် ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်း ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PPIB News

---

❖ **ရန်ကုန်မြို့မှ**

အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ် ဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင် ရွက်ပေးလျက်ရှိကြောင်းနှင့် နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန် လျက်ရှိကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှု ကိုပြည်သူ့ဆေးရုံကြီးများတွင်အသည်းအစားထိုး ခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင် ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ/ဌာန ကြီးမှူး(ဆေးလက်တွေ့) ပါမောက္ခဒေါက်တာ မင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ ဒေါက်တာ စိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင် သော အသည်းဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အငြိမ်းစား ပါမောက္ခကြီးများဖြစ်သော ပါမောက္ခဒေါက်တာကြည်ကြည်စန်း၊ ပါမောက္ခ ဒေါက်တာမူမူနိုင်နှင့်ပါမောက္ခ/ဌာနမှူး(မေ့ဆေး) ပါမောက္ခဒေါက်တာဖုန်းမြင့် ဦးဆောင်သော မေ့ဆေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံး နှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာစောဝတ်မှုန် ဦးဆောင်သော ရောဂါ ရှာဖွေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားသွေးဌာန ပါမောက္ခဒေါက်တာဆွေဇင်မြင့် ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး (ခုတင်- ၅၀၀)၊ ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အိသန္တာထွေးနှင့် စီမံခန့်ခွဲမှုအဖွဲ့များ၊ သူနာပြု များအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက် အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင် ရွက်ခဲ့ကြခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ၂၀၀၄ ခုနှစ်မှစတင်၍ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ (၂)တွဲ၊ အထူးကု ဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ယခု ဆောင်ရွက်သည့် ခွဲစိတ်ကုသမှုအပါအဝင် (၃၈)တွဲ၊ စုစုပေါင်း ၄၀ ကို ခွဲစိတ်ကုသပေး နိုင်ခဲ့ပြီး ယခုကဲ့သို့ ပြည်သူများလိုအပ်သော ခေတ်မီကုသမှုများကို ပြည်တွင်း၌ပင် လက်လှမ်းမီရရှိကာ ပြည်သူများ စိုက်ထုတ် ကုန်ကျရသော ကျန်းမာရေးအသုံးစရိတ် သက်သာစေရေးအတွက် အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက(၄)၌ ခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ က ဇူလိုင် ၆ ရက်တွင် အသက် (၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်ပြားမရှိသော ကျောင်းသား ကျောင်းသူ ၁၈၀ ခန့်ကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက် ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူး တိုင်းဒေသကြီးဦးစီးမှူး ဦးအေးလှိုင်၊ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးစဉ်။** ဇော်ကိုကို(တောင်ငူ)

---

❍ **ရန်ကုန်တိုင်းဒေသကြီးမှ**

"အခုနှစ် မိုးစပါးရာသီမှာ ပြည်ပပို့ကုန်စပါး စိုက်ပျိုးတဲ့ဇုန်အဖြစ် အထွက်ကောင်းစပါး ၁၄ မျိုး ကို တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးနေတာရှိပါ တယ်။ လာမယ့်နှစ်မှာလည်း စိုက်ပျိုးဧက တိုးချဲ့ပြီး စိုက်ပျိုးသွားမှာပါ။ ပြည်ပဝယ်လိုအားရှိတဲ့ ပေါ်ဆန်း ဆိုရင် မနှစ်က တိုင်းဒေသကြီးထဲက မြို့နယ် ၆ မြို့နယ်မှာ ဧက ၁၆၅၇၀ စိုက်ခဲ့တယ်။ ဒီနှစ် မြို့နယ် ၁၀ မြို့နယ်မှာ တိုးချဲ့စိုက်ပျိုးမှုရှိတယ်။ တောင်သူတွေ အတွက် အကျိုးဖြစ်ထွန်းစေဖို့ စိုက်ပျိုးရေးနည်းပညာ ပိုင်းဆိုင်ရာ သင်တန်းတွေပေးခဲ့တဲ့အပြင် ဓာတ်မြေ ဩဇာနဲ့ သဘာဝမြေဩဇာတွဲဖက်ပြီး အသုံးပြုနိုင် အောင်လည်း အသိပညာပေးခဲ့ပါတယ်။ မိုးစပါးရဲ့ စပါးအရည်အသွေး ပိုမိုကောင်းမွန်လာမှုကြောင့် တောင်သူတွေက စပါးထွက်မယ့်အချိန်ကို စောင့်မျှော် နေကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

တိုင်းဒေသကြီးအတွင်း အထွက်ကောင်းစပါးမျိုး ၁၄ မျိုးဖြစ်သည့် ဆင်းသုခ၊ ရက် ၉၀၊ အောင်နိုင်တိုး၊ ရတနာတိုး၊ နံ့ကောက်၊ သီးထပ်ရင်၊ မှော်ဘီ-၂၊ မှော်ဘီ- ၃၊ ကရင်မ၊ ထွန်းပု၊ ငစိန်ရာကျော်၊ ပေါ်ဆန်း၊ ဧရာမင်းနှင့် GW-11 တို့ကို စိုက်ပျိုးမှုများသည့်အပြင် ဧရာမင်း၊ ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင်၊ အင်းမရဲဘော်၊ ဘာစမာတီ၊ မှော်ဘီ(၂)နှင့် ဒေသမျိုးဖြစ်သည့် ဧယာ၊ မီးတုံး၊ ငကြို၊ ငစိန်၊ ကောက်ညှင်း၊ ရာနှစ်ထွန်းမျိုးစပါး တို့ကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

မိုးစပါးများ အထွက်နှုန်းကောင်းမွန်စေရန် သွင်းအားစုအဖြစ် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း မှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာအိတ် ၅၆၄၀ ကို တိုင်းဒေသကြီးမှ တောင်သူများထံ ပထမ အကြိမ်အဖြစ် ဖြန့်ဖြူးပေးခဲ့ပြီး ယူရီးယားအိတ်ပေါင်း ၆၀၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ်ပေါင်း ၃၀၀၀၀ ကို ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ-ဇွဲမာန်**

# နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆုံးဖြတ်ချက်အဆို တင်သွင်းခြင်းတို့သည် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်ခြင်းမရှိ

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၈ ရက်အထိကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူများနှင့်ဆန့်ကျင်လျက် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ အစည်းအဝေးကာလအတွင်း ၂၉-၆-၂၀၂၆ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းမှုပြုလုပ်ခဲ့ပြီး အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်း ၆-၇-၂၀၂၆ ရက်တွင် သက်ဆိုင်ရာမြန်မာနိုင်ငံ မပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

မဟာမင်းကြီး၏အစီရင်ခံစာတွင် ယခင်လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများအတွင်း အထူးအစီရင်ခံစာတင်သွင်းသူဟုဆိုသူက တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် အချက်အလက်များကိုသာ ထပ်တလဲလဲ ပြန်လည်ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ အဆိုပါ အစီရင်ခံစာတွင် အလွန်အမင်း အစွန်းရောက်သောအမြင်များနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကိုသာ ဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေကို ကောင်းစွာထင်ဟပ်နိုင်ခြင်းမရှိသည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။

ထို့အပြင် အိုအိုင်စီကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆို အပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နေရပ်စွန့်ခွာမှု၏ အဓိက အကြောင်းရင်း(မြစ်ဖျားခံရာ)ကို ဖော်ပြရန် ပျက်ကွက်သည်။ ထိုသို့ ပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် နေရပ်စွန့်ခွာသူများ ဆိုင်ရာ ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဖြေရှင်းလိုမှု ကင်းမဲ့သည်ကို ပြသနေသည်။ ဆုံးဖြတ်ချက်အဆိုတွင် စွပ်စွဲ ဖော်ပြထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမုန်းစကားဆိုင်ရာ အခြေအမြစ်မရှိ ဖော်ပြချက်များသည် မြေပြင်အခြေအနေနှင့် လွန်စွာ ကင်းကွာနေသည်ကို တွေ့ရှိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေး ပြန်လည်ကောင်းမွန်လာပါက နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် အညီ စိစစ်ပြီးစီးသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သော နိုင်ငံရေးဆန္ဒရှိကြောင်း ထပ်လောင်း ပြောကြားလိုသည်။ စိစစ်ပြီးစီးသည့် ပြန်လည်ဝင်ရောက်လာသူများကို လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသော လူဦးရေစာရင်းကို စိစစ်ပြီး လစဉ်ဘင်္ဂလားဒေ့ရှ် ဘက်သို့ ပေးပို့ဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် လက်ရှိအချိန်တွင် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှုမှာ AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်ခြင်းများကြောင့်သာ ဖြစ်သည်။

မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ လွှတ်တော်များနှင့် ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်နေပြီဖြစ်သည်။ ထို့အပြင် နိုင်ငံတော်သမ္မတသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိကာလကို ပြည်ထောင်စုအစိုးရ၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော်မှုကာလအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းကာလ အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ် ရေးထိုးထားသည့် အဖွဲ့များနှင့် လက်မှတ်မထိုးရသေးသည့် အဖွဲ့များအားလုံးကို ထပ်မံ ဖိတ်ခေါ်ခဲ့သည်။ ထို့အပြင် PDFs အဖွဲ့ဝင်များကိုလည်း ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ ယင်းကဲ့သို့သော စဉ်ဆက်မပြတ် ဖိတ်ခေါ်မှုများကြောင့် လက်ရှိအချိန် အထိ PDFs အဖွဲ့ဝင်များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့မှ စုစုပေါင်း အင်အား ၄,၀၀၀ ဦးကျော် ဥပဒေဘောင်ထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် မမှိတ်မသုန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိစဉ်အတွင်း လူ့အခွင့်အရေးကောင်စီ မျက်နှာစာ၌ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့်ဆွေးနွေးမှုများ ပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်အဆိုများ တင်သွင်းခြင်းတို့သည် အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်ရေးကို အထောက်အကူမပြုသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကို အစဉ်တစိုက် ဆန့်ကျင်သည်။ သို့ဖြစ်ရာ အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိ ပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာ ရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသော နိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်**

★ **ကျောဖုံးမှ**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယနေ့အစည်းအဝေးကျင်းပသည့် ရည်ရွယ်ချက်မှာ ပြီးခဲ့သည့် (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် မိမိတို့တာဝန်ယူနေသည့် အစိုးရကာလအတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ထူးခြားသည့်ယဉ်ကျေးမှု၊ သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပင်လယ်ကမ်းခြေ၊ ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် ခရီးသွားအရင်းအမြစ်များစွာရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးသွားအရင်းအမြစ်များအပေါ် မူတည်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization–DMO) များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးစဉ်ဒေသများအလိုက် DMO အဖွဲ့များကို ခိုင်ခိုင်မာမာ ဖွဲ့စည်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက် ခရီးစဉ်ဒေသအချို့ကို လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေးနှင့် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြသည့်အခါတွင် လွယ်ကူချောမွေ့စေရေး ဖြေလျှော့ပေးရန်အတွက် ဗီဇာကိစ္စ ဖြေလျှော့ပေးသင့်သည်များ ဖြေလျှော့ပေးရေး၊ လုံခြုံစိတ်ချစွာ ခရီးသွားလာရေးကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စနှင့် ငွေကြေးသုံးစွဲမှုလုပ်ငန်းစဉ်များတွင် အဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ရှိရင်းစွဲထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့် လမ်းညွှန်ချက်များကို ကျော်လွှန်ဆောင်ရွက်ရန်မဟုတ်ဘဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင်ပြေချောမွေ့အောင် လိုအပ်သည်များကို မိမိတို့တတ်နိုင်သည့်ဘက်မှ သုံးသပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့၏ ခရီးစဉ်ဒေသအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် နေရာဒေသများ၊ ထင်ရှားသည့် (၁၂) လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲနှင့် ရိုးရာဓလေ့ပွဲများ၊ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျ ခွဲခြားဖော်ထုတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထို့ပြင် လိုအပ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ ခရီးစဉ်ဒေသအလိုက် ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရေးများကို စီမံခန့်ခွဲနိုင်သည့် ယန္တရားတစ်ရပ် ဖော်ဆောင်ရေးနှင့် ဦးစားပေးခရီးစဉ်ဒေသများ သတ်မှတ်ဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များ အနေဖြင့်လည်း မြန်မာနိုင်ငံကို ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းကို စနစ်တကျဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာခရီးသွားများအကြား မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ပိုမိုသိရှိလာစေရေး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် လုပ်ငန်းရှင်များအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးသွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကွမ်းခြံကုန်းမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကွမ်းခြံကုန်း ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို လက်ခုပ်ကုန်း ကျေးရွာ အထက၌ ဇူလိုင် ၉ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကွမ်းခြံကုန်းမြို့နယ် တောအုပ် ဦးအောင်စိုးက သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း လုပ်ငန်းများအကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင် စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ တောအုပ် ဦးအောင်စိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

## အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး



**နေပြည်တော် ဇူလိုင် ၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့ထားသော အွန်လိုင်းလိမ်လည်မှုဆိုင်ရာတိုက်ဖျက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့၍ ပြည်သူ့လွှတ်တော်တွင် ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို ဆွေးနွေးပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်းအဖြစ် ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး**က အာဆီယံအနေဖြင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ် ဖော်ပြချက်များနှင့်ဆက်စပ်၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေမှုများသည် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းပြည့်ဝနေသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ချိုးဖောက်နေသကဲ့သို့ အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်ပါအခြေခံမူများ၊ ရည်ရွယ်ချက်များကို ချိုးဖောက်၊ ကျော်လွန်လုပ်ဆောင်နေပါကြောင်း၊ အခြေခံမူဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောပင်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင် ချမှတ်ထားသည့် ထိုအခြေခံမူများကို မိမိတို့ကိုယ်တိုင် ပြန်လည်ချိုးဖောက်နေသည်ကို အာဆီယံတာဝန်ရှိသူများအားလုံးက သတိပြုကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုအခြေအနေများကို အာဆီယံနိုင်ငံများ၊ အာဆီယံခေါင်းဆောင်များ ပိုမိုသိရှိနားလည်သဘောပေါက်နိုင်စေရန်အတွက် အထူးအလေးထား၍ ထိမိသေချာစွာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံနိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံအား ခွဲခြားဆက်ဆံမှု ဆက်လက်လုပ်ဆောင်နေပါက မြန်မာတို့၏ အမျိုးသားရေးဂုဏ်သိက္ခာအရ အာဆီယံအဖွဲ့မှ နုတ်ထွက်ရန် လိုအပ်ခြင်းရှိ၊ မရှိ ထည့်သွင်းစဉ်းစားကြရန်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ပြည်မဲဆန္ဒနယ်မှ ဦးမျိုး(ခ)ဦးမျိုးအောင်**က အာဆီယံ၏ ပဋိညာဉ်ပါအခြေခံမူများသည် အာဆီယံကို နှစ်ပေါင်းများစွာ စည်းလုံးညီညွတ်စွာ ရပ်တည်စေခဲ့သည့် အခြေခံအုတ်မြစ်များဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူရည်တူရပ်တည်နိုင်ရေး အာမခံပေးထားသောမူများလည်း ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် အခြေခံမူများကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းနှင့် တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ တန်းတူရည်တူအခွင့်အရေးများ ရရှိသင့်သည့်အပြင် အာဆီယံအဖွဲ့အစည်းအတွင်း မိမိတို့၏အသံကိုလည်း အပြည့်အဝဖော်ထုတ်ခွင့်ရရှိသင့်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်၊ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းသည် မည်သည့်အစိုးရမဆို အလေးထားဆောင်ရွက်ရမည့် တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံပဋိညာဉ်ကို ကိုယ်တိုင်ချိုးဖောက်နေသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ၏ ကူညီစောင့်ရှောက်မှုအပေါ်တွင် များစွာအသိအမှတ်ပြုပါကြောင်း၊ သို့သော် အာဆီယံ၏ ရပ်တည်ချက်များသည် ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာသည်ဟုတင်ပြလိုပါကြောင်း၊ အာဆီယံ၏မူဝါဒကို အာဆီယံကိုယ်တိုင် မထိန်းသိမ်းနိုင်ခြင်းသည် ကြီးမားသောယုံကြည်မှု ဆုံးရှုံးရခြင်းဖြစ်ပါကြောင်း၊ ယုံကြည်မှုဆုံးရှုံးရသည့် အဖွဲ့အစည်းသည် ကြီးမားသောအဖွဲ့အစည်းဖြစ်ပါစေ မိမိ၏သြဇာကို ရေရှည်ထိန်းသိမ်းနိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်သင့်၊ မသင့်အထိ အလေးအနက်စဉ်းစားရမည့်အချိန်ကို ရောက်နေပြီဖြစ်ပါကြောင်း၊ သံတမန်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ မိမိနိုင်ငံနှင့် ကိုက်ညီသော မြန်မာနိုင်ငံဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့်သာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးအကျိုးစီးပွားများကို ဆက်လက်ကာကွယ်စောင့်ရှောက်ရန်သာ ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး**က အာဆီယံသည် မိမိတို့မြန်မာနိုင်ငံ၏ ဖြစ်ရပ်မှန်များကို အခြေခံကျကျမသိဘဲ သွေးထိုးလှုံ့ဆော်မှု သတင်းစကားများကို ကြားသိနားယောင်၍ လက်ရှိအခြေအနေနှင့် သွေဖည်ဆန့်ကျင်သည့် အာဆီယံပဋိညာဉ်စာချုပ်ကို ဖောက်ဖျက်ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အာဆီယံအဖွဲ့၏ မူလရည်ရွယ်ချက်သည် အလွန်ကောင်းပါကြောင်း၊ ဒေသတွင်းနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ စသည့် ကောင်းမွန်သည့်အချက်များကို ထိန်းသိမ်းဖော်ဆောင်ခဲ့သည့်အတွက် ကမ္ဘာကစောင့်ကြည့်ရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးမငြိမ်သက်မှုကြောင့် အစဉ်အလာကောင်းခဲ့သည့် အာဆီယံသည် ပဋိညာဉ်ပါအချက်များကို မျက်ကွယ်ပြုခဲ့ပါကြောင်း။

ထို့ကြောင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံနိုင်ငံအားလုံး၏ သဘောထားမဟုတ်ဘဲ နိုင်ငံတချို့၏ သဘောထားဟု မှတ်ယူ၍ရပါကြောင်း၊ ယခုအချိန်တွင် အစိုးရသစ်၊ လွှတ်တော်အသစ်ပေါ်ပေါက်ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံကောင်းကျိုးများကို ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အာဆီယံကိုဖြစ်ရပ်မှန်များ ဖြေရှင်းဆွေးနွေးခြင်းနှင့် မိတ်မပျက်ဆက်ဆံရန်အတွက် တိကျပြတ်သားသည့် အစီအမံများနှင့် ထုတ်ပြန်အသိပေးသင့်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အချက်များကို သုံးသပ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်**က အာဆီယံသည် မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားပါက အပြန်အလှန်လေးစားမှု၊ အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုနှင့် အာဆီယံ၏ သဘောတူညီထားသော မူဘောင်များအပေါ်တွင်သာ အခြေခံ၍ ပြုမူဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သဘောထားများကို ထုတ်ဖော်ပြောဆိုရာတွင် အခြေအနေအရပ်ရပ်ကို မျှမျှတတသုံးသပ်ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံ၏ သဘောထားတည်ငြိမ်မှုများကို အဖွဲ့ဝင်နိုင်ငံအားလုံးက မျှမျှတတနှင့် ဘက်မလိုက်ဘဲ အကောင်အထည်ဖော်နိုင်မှသာ ရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲလိုလားသော နိုင်ငံဖြစ်သကဲ့သို့ အခြားအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလည်း လေးစားပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနှင့်ဆက်ဆံရာတွင် ဆွေးနွေးညှိနှိုင်းရေးကိုအလေးထား၍ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံအခြေခံမူများနှင့် ကွဲလွဲနေပါသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူလူထု၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ သံတမန်ရေးနည်းလမ်းများဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်ရန် ထောက်ခံဆွေးနွေးသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ**က အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် သဘောတူစာချုပ် (Treaty) မဟုတ်ဘဲ နိုင်ငံရေးအရေးအရာတွင်လည်း (Political Understanding/Commitment) သာဖြစ်ပြီး မည်သည့်နိုင်ငံကမှ အတည်ပြုချက် (Ratification) မလုပ်ခဲ့သလို နိုင်ငံရေးအရ တိုက်တွန်းချက် (Hortatory Language) မျှသာဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို မလိုက်နာပါက အစည်းအဝေးမတက်ရဆိုသည့် ကန့်သတ်ချက် လုံးဝပါဝင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ပဋိညာဉ်တွင် မပါဝင်သည့်အချက်ကို ဖိလစ်ပိုင်အနေဖြင့် ဖန်တီးထည့်သွင်း၍ မရသည်ကို ထောက်ပြလိုပါကြောင်း။

နိုင်ငံအချင်းချင်းဆက်ဆံရေးမရှိပါက မိတ်ဖက်ယန္တရားလေဟာပြင် (Counterpart Vacuum) ဖြစ်ပေါ်ပြီး နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေးပူးပေါင်းတုံ့ပြန်ရေးများ၊ လူသားချင်းစာနာမှု ဆောင်ရွက်ရေးများကို အဟန့်အတား ဖြစ်စေပါကြောင်း၊ ကာလရှည်ကြာ ဖယ်ကြဉ်ထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးသည် ပြင်ပအင်အားကြီးနိုင်ငံများက မြန်မာ့အရေးကိုဖိတ်ခေါ်ပြီး ဒေသတွင်းကို အာဏာလွှမ်းမိုးမှုပြုလုပ်နိုင်သည်ကို သတိပြုသင့်ပါကြောင်း၊ ကမ္ဘာကြီး Multipolarity စနစ်ကို ကူးပြောင်းနေချိန်တွင် ဘက်စုံဖွံ့ဖြိုးမှု အလားအလာကောင်းနေသည့် အာဆီယံအဖွဲ့သည် ပို၍စည်းလုံးရမည်ဖြစ်သော်လည်း အခြေခံမူကိုမျက်ကွယ်ပြုပြီး ကန့်သတ်ချုပ်ချယ်မှုများ ဆောင်ရွက်နေသည်ကို စိတ်မကောင်းစွာတွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားသိက္ခာ (National Point of Honour) ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် မှန်ကန်စွာရပ်တည်ခဲ့သည့်အတွက် နုတ်ထွက်စရာမလိုဘဲ အစည်းအဝေးပြီးမှ Statement ထုတ်သည့်အတွက် ဖိလစ်ပိုင်ကသာ ပဋိညာဉ်ကို ချိုးဖောက်သောကြောင့် ၎င်းသာအာဆီယံက နုတ်ထွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က ယခုအဆိုသည် အာဆီယံကို စိန်ခေါ်ခြင်းမဟုတ်ဘဲ အာဆီယံပဋိညာဉ်(ASEAN Charter)၊ နိုင်ငံတကာ စာချုပ်ဥပဒေနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေတို့အပေါ် အခြေခံ၍ မိမိတို့၏

**စာမျက်နှာ ၇ သို့** ☆

☆ **စာမျက်နှာ ၆ မှ**

တရားဝင်ရပ်တည်ခွင့်ကို ပြန်လည်အသက်သွင်းရန် တောင်းဆိုခြင်းသာ ဖြစ်ပါကြောင်း၊ အာဆီယံ ထုတ်ပြန်ချက်(၅)ရပ်ကို ၂၀၂၁ ခုနှစ် ဧပြီလတွင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က မြန်မာနိုင်ငံသည် နိုင်ငံရေးအကျပ်အတည်းကို ရင်ဆိုင်နေရဆဲကာလ ဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်သည် အကျပ်အတည်းကိုဖြေရှင်းရန် ရည်ရွယ်သော ယာယီမူဘောင်တစ်ရပ်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ် အကျပ်အတည်းကာလအတွက် ရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့သောမူဘောင်ကို ယနေ့အချိန်တွင် ဆက်လက်စည်းနှောင်ရန် ဥပဒေရေးရာအရ ဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ လုံလောက်သော အကြောင်းပြချက်မရှိတော့ပါကြောင်း၊ အဆိုပါ မူဘောင်ကို လက်ရှိမြေပြင်အခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြုပြင်ထားသော မူဘောင်တစ်ရပ်ဖြင့် အစားထိုးခြင်းသည် ယခုအခါ တရားဝင်တောင်းဆိုခွင့်ရှိသော အချက်ဖြစ်လာပါကြောင်း။

ဤအဆိုသည် အာဆီယံနှင့် ထိပ်တိုက်ရင်ဆိုင်ရန် သို့မဟုတ် အာဆီယံမှ ခွဲထွက်ရန် ရည်ရွယ်ခြင်းမဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးတွင် မိတ်ဝတ်မပျက်၊ သံတမန်ကျင့်ဝတ်ကို လေးစားလိုက်နာပါကြောင်း၊ အာဆီယံမိသားစုအတွင်း မိမိတို့၏ရပ်တည်မှုကို ယခုအချိန်တွင် ပြန်လည်သတ်မှတ်ရမည့်အချိန် ကျရောက်လာပြီဖြစ်ပါကြောင်း၊ အာဆီယံသဘောတူညီချက်(၅)ရပ်သည် မြန်မာနိုင်ငံကို အကန့်အသတ်မဲ့ချုပ်နှောင်ရန် ရည်ရွယ်သည့် ကိရိယာမဟုတ်ဘဲ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်ထားခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ငြိမ်းချမ်းရေးအတွက် သင့်လျော်သော လမ်းကြောင်းသစ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အရေးကြီးသော အဆိုအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးကြစေလိုကြောင်း ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးအောင်သီဟ**က အာဆီယံအနေဖြင့် အချုပ်အခြာအာဏာပိုင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထုတ်ပြန်ချက်တစ်ရပ်အပေါ် အခြေခံ၍ ဝင်ရောက်စွက်ဖက်ခြင်း၊ လိုက်နာစေရန် နိုင်ငံရေးအရ ဖိအားပေးခြင်းတို့သည် အာဆီယံ၏ အခြေခံမူများနှင့် ကိုက်ညီမှုရှိ၊ မရှိ ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ထုတ်ပြန်ချက်နှင့် အာဆီယံအခြေခံမူများအကြား ကွဲလွဲမှုရှိသည်ဟုယူဆပါက အာဆီယံ၏ အငြင်းပွားမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ (ASEAN Dispute Settlement Mechanisms)အတိုင်း ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းသင့်ပါကြောင်း။

အာဆီယံအနေဖြင့် ဖိအားပေးမှုထက် အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူ ဆက်ဆံမှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ အာဆီယံအနေဖြင့် ဖိအားပေးသည့်ရပ်တည်ချက်များကိုသာ ဆက်လက်ကိုင်စွဲနေပါက မြန်မာနိုင်ငံ၏ ပကတိအရှိတရားများနှင့် ကင်းကွာသွားနိုင်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံအဖွဲ့အတွင်း ယုံကြည်မှုတို့ကိုပါ ထိခိုက်စေနိုင်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေ၊ လုံခြုံရေးအခြေအနေ၊ တည်ဆဲဥပဒေများနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ကိုက်ညီမှု ရှိ၊ မရှိကို ပြန်လည်သုံးသပ်ရန် အချိန်အခါသင့်ပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အတွင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးထောက်ခံတင်ပြခဲ့သော အချက်များ၊ မြန်မာနိုင်ငံ၏ တရားဝင်ရပ်တည်ချက်များနှင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်အပေါ် သုံးသပ်ချက်များကို လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုစည်းပြုစု၍ အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter–Parliamentary Assembly–AIPA)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ သံတမန်နည်းလမ်းဖြင့် ပေးပို့ရှင်းလင်းဆောင်ရွက်သင့်ပါကြောင်း၊ သို့ပါ၍ ယခုအဆိုသည် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူရည်တူအခွင့်အရေးကို ကာကွယ်ရန် ရည်ရွယ်သည့် အဆိုဖြစ်သည့်အပြင် အချိန်အခါသင့်၊ အကြောင်းအရာသင့်၊ နိုင်ငံတော်အကျိုးနှင့် ကိုက်ညီသောအဆိုတစ်ရပ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးစိုးသူ**က အာဆီယံက ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်မှစတင်၍ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ပြုလုပ်သည့် မြန်မာ့အရေးဆိုင်ရာ ASEAN ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက် (Asean Five Point Statement)ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အာဆီယံထုတ်ပြန်ချက်(၅)ရပ်အနက် ပထမအချက်ဖြစ်သော အကြမ်းဖက်မှု ချက်ချင်းရပ်တန့်စေရန်ဆိုသော အချက်သည် အာဆီယံအခြေခံမူဖြစ်သော ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးမူကို လျစ်လျူထားသည်ကို တွေ့ရှိရပါကြောင်း၊ လွန်ခဲ့သော (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ပြီး နိုင်ငံတော်အကြီးအကဲ၊ EAO/ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့သော်လည်း မြန်မာနိုင်ငံဖြစ်တည်မှုအခြေအနေမှန်ကို သုံးသပ်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ အာဆီယံအစည်းအဝေးများတွင်လည်း မြန်မာနိုင်ငံကိုယ်စားလှယ်များ တက်ရောက်ခွင့်မရှိခြင်းသည် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံနေရသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံသည် ယနေ့ထက်တိုင် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်တိုင်းရရှိသည့်အခွင့်အရေးတို့ကို ရရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံသည် မြန်မာနိုင်ငံနှင့် ပတ်သက်သော သဘောတူညီချက်များကို လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်းပကတိ အနေအထားအရသုံးသပ်ပြီး အာဆီယံအဖွဲ့နိုင်ငံတိုင်း ရရှိသော အခွင့်အရေးကို မြန်မာနိုင်ငံလည်းရရှိစေရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျောက်တန်း မဲဆန္ဒနယ်မှ ဦးနိုင်ဝင်း**က မြန်မာ့အရေး အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယခု(၅)နှစ်ကျော်သက်တမ်းအတွင်း ပြောင်းလဲလာသည့် မြေပြင်အခြေအနေများကို ထင်ဟပ်နိုင်ခြင်းမရှိတော့ပါကြောင်း၊ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ တက်လှမ်းနေပြီ ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ပကတိအခြေအနေများနှင့် အပ်စပ်မှုမရှိသော ထုတ်ပြန်ချက်အဟောင်းကို အတင်းအကျပ် ဆက်လက်ဆုပ်ကိုင်မထားဘဲ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားသော ပြင်ဆင်မှု(သို့) ပယ်ဖျက်မှုများ ဖြစ်လာစေရန် မဆုတ်မနစ်ညှိနှိုင်းရမည် ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မိမိတို့၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ သို့ပါ၍ အာဆီယံမူဝါဒနှင့်ကွဲလွဲနေပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိပါးနေသော ဤထုတ်ပြန်ချက်(၅)ရပ်ကို ပြင်ဆင် သို့မဟုတ် ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပကတိအခြေအနေများကိုချပြကာ ပြတ်ပြတ်သားသား ညှိနှိုင်းဆောင်ရွက်သွားရန် တိုက်တွန်းသည့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးပြုံးချို**က ယခုအချိန်သည် အခြေအနေကောင်း အချိန်အခါကောင်းဖြစ်သည့်အတွက် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မိမိနိုင်ငံ၏ အခြေခံအကျဆုံးဖြစ်သည့် အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးနှင့် အာဆီယံအခြေခံမူများကို သိသာထင်ရှားစွာ ချိုးဖောက်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီအောင် ပြန်လည်ထိန်းညှိရန် လိုအပ်နေပြီဖြစ်ပြီး ညှိနှိုင်းဆွေးနွေးရန် အဖြေရှာသင့်ပါကြောင်း၊ ပြန်လည်ထိန်းညှိရန် အချက်များတွင်လည်း သီးခြားတောင်းဆိုချက်မဟုတ်ဘဲ အာဆီယံပဋိညာဉ်တွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးလက္ခဏာများ လေးစားလိုက်နာကြရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရန်၊ တန်းတူညီမှုရရှိရေးတို့ကို ပြန်လည်ရရှိရန် ထိန်းညှိခြင်းသာ ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း**က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံနှစ်(၃၀)ပြည့်နှစ်ပတ်လည်နေ့တွင် လာအိုနိုင်ငံနှင့်အတူ ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ အာဆီယံ၏ အခြေခံမူများအတိုင်း အခြားနိုင်ငံများ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အာဆီယံ၏အသိုက်အဝန်းအတွင်း တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နည်းလမ်းအချို့ဖြင့် ကြိုးပမ်းလာသည်ကို တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မိမိတို့နိုင်ငံအား အာဆီယံအဖွဲ့အတွင်း ပြန်လည်ပါဝင်ဆွေးနွေးမှုများပြုလုပ်စေလိုသည်ကို တွေ့ရှိရပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချို့သာ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို အပြုသဘောမဆောင်သည့်ဘက်မှ လိုသလိုအသုံးချပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့အစည်းအနေဖြင့် နောင်ရာစုနှစ်ပေါင်းများစွာတိုင်အောင် စည်းလုံးညီညွတ်စွာဖြင့် အဓွန့်ရှည်တည်တံ့စွာ ရပ်တည်နိုင်ရေးအတွက် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုကာ ပိုမိုလက်တွေ့ကျပြီး မျှတသည့်နည်းလမ်းများဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ**က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ဝင်ရောက်ချိန်မှစ၍ အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ ရည်မှန်းချက်များနှင့် မူဝါဒများကို အလေးထား လိုက်နာဆောင်ရွက်ခဲ့ပြီး အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်းအပါအဝင် အာဆီယံအတွင်း မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ နှစ်စဉ်ပေးသွင်းရမည့် ရန်ပုံငွေများကိုလည်း မပျက်မကွက် ပေးဆောင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်၊ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရန်ဆိုသည့် အချက်များအပေါ် ဆောင်ရွက်ချက်များ တိုးတက်မှုမရှိဟု အာဆီယံက သုံးသပ်ထားပါကြောင်း၊ ပြည်သူများ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် ပြည်သူများပေးအပ်သည့် တာဝန်များကို ထမ်းဆောင်နေကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ပြီ ဖြစ်ပါကြောင်း။

ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရကို အာဆီယံထိပ်သီးအစည်းအဝေးများသို့ ဖိတ်ကြားခြင်းမပြုခြင်းသည် ပေးအပ်ခဲ့သော မြန်မာနိုင်ငံသားများ၏ ဆန္ဒကိုမျက်ကွယ်ပြုရာရောက်သည့်အတွက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် ထုတ်ပြန်ချက်အား အာဆီယံနိုင်ငံများက ပြန်လည်သုံးသပ်ပေးရန် တိုက်တွန်းအပ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ချမှတ်ခဲ့သော အာဆီယံဆုံးဖြတ်ချက်များသည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိတိုးတက်ပြောင်းလဲလာသော ပကတိအမှန်တရားများနှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သည့်အတွက် ဆန္ဒမဲပေးမှုရာခိုင်နှုန်းသည် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ပြည်သူများက ၎င်းတို့သဘောဆန္ဒအလျောက် တက်တက်ကြွကြွ လာရောက်မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲတွင် ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမား မဖြစ်ပွားခဲ့ဘဲ ပါတီအချင်းချင်းအသေးအဖွဲ တိုင်ကြားမှုသာရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်သည်မှာ သိသာထင်ရှားပါကြောင်း။

ရွေးကောက်ပွဲကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး အဆိုပါအဖွဲ့များက လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပြီးဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စင်ကာပူ၊ မလေးရှားနှင့် တီမောလက်စ်တေ နိုင်ငံများမှအပ ကျန်အဖွဲ့ဝင်နိုင်ငံများက ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် ဧပြီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ၏ ကတိသစ္စာပြုပွဲအခမ်းအနားသို့လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း။

ယခုဆိုလျှင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူများက ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တစ်ရပ်ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် သမ္မတရွေးချယ်ရေးအစုအဖွဲ့များက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရက နိုင်ငံ၏တာဝန်ကို ထမ်းဆောင်နေခြင်းပင် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည့်အတွက် ပြည်သူများ၏ မျက်နှာကိုထောက်ထားပြီး အစိုးရ၏ ဂုဏ်သိက္ခာနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံအစည်းအဝေးများကို တက်ရောက်နေသော မြန်မာကိုယ်စားလှယ်အဖွဲ့များကလည်း မြန်မာနိုင်ငံ၏ ကတိကဝတ်ထားရှိခဲ့သည့်အတိုင်း ရွေးကောက်ပွဲဆောင်ရွက်ခဲ့မှုများနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားလျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် မေ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအပေါ် အာဆီယံနိုင်ငံ့ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြပြီး ခေါင်းဆောင်အများစုက ပကတိအခြေအနေမှန်များကို အသိအမှတ်ပြုလက်ခံခဲ့ကာ အပြုသဘောဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို အဆင့်(၃)ဆင့်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အချို့သော အာဆီယံနိုင်ငံများသည် ပကတိအခြေအနေမှန်ကို လက်ခံလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ခံအစိုးရ စတင်တာဝန်ထမ်းဆောင်ပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီး အစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြုသဘောဦးတည်ဆွေးနွေးမှုများရှိလာသည်ကို တွေ့ရှိရပါကြောင်း။ **စာမျက်နှာ ၈ သို့** ☆

☆ စာမျက်နှာ ၇ မှ

လက်ရှိအာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်ပြန်ချက်များတွင်လည်း မြန်မာနိုင်ငံအပေါ် ဖိအားပေးဖော်ပြမှုများထက် အာဆီယံဥက္ကဋ္ဌ၏ မြန်မာ့အရေးဆောင်ရွက်ချက်များကို အပြုသဘောရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် အာဆီယံနှင့် ဆွေးနွေးဖက် ဆက်ဆံရေးနိုင်ငံများ၏ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွင်လည်း မြန်မာ့အရေးကိစ္စနှင့်ပတ်သက်၍ ယခင်ကလို ပြင်းပြင်းထန်ထန် ဖိအားပေးပြောကြားခြင်းမျိုးမရှိတော့ဘဲ အပြုသဘောဆွေးနွေးမှုများကို တွေ့ရှိလာရပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံနှင့် အာဆီယံဆက်ဆံရေးကို ပုံဖော်ကြရာတွင် ဆန့်ကျင်ဘက်မီဒီယာများနှင့် မြန်မာနိုင်ငံ၏အကျိုးကို မလိုလားသည့် မီဒီယာများ၏ လိုရာပုံဖော်ရေးသားဖော်ပြမှုများကိုလည်း သတိချပ်စေလိုကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အချို့သောနိုင်ငံများမှ တာဝန်ရှိသူအချို့၊ ခေါင်းဆောင်တချို့၏ အပြုသဘောမဆောင်သည့်ပြောကြားချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကြားသိရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ပြောကြားချက်များသည် ပုဂ္ဂလိကခံစားချက်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအရဖြစ်ပြီး အာဆီယံအဖွဲ့ကြီးတစ်ခုလုံးကို ကိုယ်စားမပြုပါကြောင်း၊ အာဆီယံအဖွဲ့ကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည်ဟုလည်း ယူဆ၍မရသည်ကို တင်ပြအပ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအဖွဲ့၏ ပဋိညာဉ်စာတမ်းပါ တူညီဆန္ဒ(Consensus)မူအရ သက်ရောက်မှုတော့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံအဖွဲ့အတွင်း မိမိနိုင်ငံနှင့် ရင်းနှီးသော၊ မိမိတို့ကို ထောက်ခံသည့် သဘောထားပျော့ပျောင်းသော နိုင်ငံအများစုရှိသလို မိမိတို့အပေါ် သဘောထားတင်းမာသည့် နိုင်ငံအချို့ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တူညီဆန္ဒမရရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါနိုင်ငံများအပေါ် နှစ်နိုင်ငံဆက်ဆံရေးကို သီးခြားစီခွဲခြားသုံးသပ်ပြီး ထိတွေ့ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း၊ အချို့သောအာဆီယံနိုင်ငံများမှအပ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုက မြန်မာနိုင်ငံအပေါ် ရင်းနှီးသောမိတ်ဆွေနိုင်ငံများအနေဖြင့် ပျော့ပျောင်းသောဆက်ဆံမှုများ၊ အပြုသဘောဆောင်သော သဘောထားများရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အာဆီယံနိုင်ငံများအနက် မိမိတို့အပေါ် သဘောထားတင်းမာသောနိုင်ငံအချို့ကို သတိထားပြီး ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း နှစ်လကျော်ကာလအတွင်း အာဆီယံနိုင်ငံများမှ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ မြန်မာနိုင်ငံကို လာရောက်ရန်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတအနေဖြင့်လည်း အာဆီယံ၏ ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်ထားပြီး အိမ်နီးချင်းအင်အားကြီး မိတ်ဆွေနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ် (Official Visit)နှင့် တရုတ်နိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံရာတွင် တရုတ်သမ္မတက “မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုကို ထောက်ခံကြောင်း” ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သည့် နှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင်လည်း “မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့်အပေါ် တရုတ်နိုင်ငံဘက်မှကြိုဆိုပြီး နိုင်ငံအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖော်ဆောင်ရန် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း” ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် တွေ့ဆုံစဉ်ကလည်း အိန္ဒိယဝန်ကြီးချုပ်က “မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း” ပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအပေါ် အိမ်နီးချင်း၊ အင်အားကြီးနှစ်နိုင်ငံက အားပေးထောက်ခံသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတက လာအိုသမ္မတ၏ ဖိတ်ကြားချက်အရ ဇူလိုင်လဆန်းပိုင်းက လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း လာအိုသမ္မတက မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် လွတ်လပ်မျှတသော ရွေးကောက်ပွဲကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအပေါ် အားပေးထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိရေး တတ်စွမ်းသမျှ ထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများသို့ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရန်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

ထိုအရာသည် မိမိတို့ရွေးကောက်ခံအစိုးရတစ်ရပ်၏ သံတမန်ရေးအရ အောင်မြင်မှုနှင့် တရားဝင်ဖြစ်မှုတို့ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်း မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြန်လည်ထိတွေ့ ဆက်ဆံချဉ်းကပ်မှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မြန်မာနိုင်ငံကို လာရောက်လျက်ရှိသည့် ခရီးစဉ်များက သက်သေပြနေပါကြောင်း၊ မကြာမီကာလအတွင်းတွင်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတစ်ရပ် ကျင်းပသွားရန်ရှိပြီး မြန်မာနိုင်ငံကို ဖိတ်ကြားထားသည့်အတွက် မိမိဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးကလည်း အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံအနေဖြင့် မြန်မာ့အရေးကိစ္စနှင့်ပတ်သက်ပြီး တူညီဆန္ဒမရရှိသေးသော်လည်း နှစ်နိုင်ငံချင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြန်လည်ရရှိနေပြီး မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆက်ဆံရေးသည် ပြန်လည်တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းတွင်လည်း မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်များနှင့် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် ဆွေးနွေးလျက်ရှိသည်ကို သတင်းမီဒီယာများက ဖော်ပြနေသည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဝေးတော့သည့်အနာဂတ်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိသွားမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ ထိုကဲ့သို့ ရရှိရန်အတွက်လည်း မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေအပေါ်မူတည်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မိမိနိုင်ငံနှင့်ကိုက်ညီသော မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်တို့နှင့်အညီ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေး၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုရှင်၏သဘောထားအား မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရုံးအမှတ် (၂)ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇေယျာသုခ–၂ လမ်းသွယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင် စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှု အားပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအနေဖြင့် ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်စုစုပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



**ပြည် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု တောင်သူ ဦးဖိုးဝ၏ လယ်မြေ ၁၀ ဧကတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက တောင်သူများနှင့်တွေ့ဆုံ၍ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကြောင့် လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်သည့်အပြင် ကောက်ကွက်ပြည့်မီခြင်း၊ ကောက်ပင်များ ထိခိုက်မှုမရှိခြင်းနှင့် ပင်ပွား ပွားစီးမှုပိုမိုကောင်းမွန်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေမည်ဖြစ်ကြောင်း တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၉ ရက်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမင်းက အခွန်အကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးစဉ်။

အာကာ



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားရေးရာကော်မတီအား တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I-6)ရှိ တောင်သူလယ်သမားရေးရာ ကော်မတီဝင်များအား သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်၍တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကျော်က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ အနေဖြင့် လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်၏ နေ့စဉ်လုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက်ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ မိမိတို့၏ လွှတ်တော်သက်တမ်း (၅)နှစ်အတွင်း လွှတ်တော်ကို ဂုဏ်သိက္ခာမြင့်မားသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ် တစ်ဦးချင်း၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏ အခန်းကဏ္ဍ မြင့်မားလာမည်ဖြစ်၍ ကိုယ်စားလှယ်များ၏ အရည်အချင်းမြှင့်တင်နိုင်ရေးအတွက် ဥပဒေဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နောင်တွင်လည်း ကိုယ်စားလှယ်များ အတွက် အထောက်အကူ ဖြစ်စေမည့် သင်တန်းများ ဆက်လက်ပြုလုပ်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အခန်းကဏ္ဍ မြင့်မားတိုးတက်ရေးကို ကော်မတီက ထူးခြားသည့်ခြေလှမ်းများဖြင့် အားဖြည့်ဆောင်ရွက်သွားစေလိုပါကြောင်း၊ လွှတ်တော် အနေဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအပေါ် လေ့လာသုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ရမည့် ကိစ္စရပ်များကို ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ယင်းအပြင် လတ်တလော ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများအပေါ် သုံးသပ်ပြီး အသစ်ပြဋ္ဌာန်းပေးရန် လိုအပ်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အကျိုးစီးပွားနှင့် ပတ်သက်၍လည်း လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် လုံလောက်မှုမရှိပါက လိုအပ်သည့် ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည်ပြည်သူကို ကိုယ်စားပြုသူများ ဖြစ်သဖြင့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခြင်း၊ လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ဆောင်ရွက်ပေးရပါကြောင်း၊ တောင်သူလယ်သမားများသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ရှိသည့်အပြင် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံလည်းဖြစ်၍ တောင်သူလယ်သမားရေးရာကော်မတီသည် အရေးကြီးသည့်ကော်မတီတစ်ရပ် ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍လည်း လက်ရှိအခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း ကော်မတီအနေဖြင့် ယနေ့ တောင်သူလယ်သမားများ အမှန်တကယ် ကြုံတွေ့နေရသည့် သွင်းအားစုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးချေးငွေများ အချိန်မီရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ထိုက်သင့်သည့် စပါးဈေးနှုန်းရရှိရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်လေ့လာပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် အနေဖြင့်လည်း တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် "လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန် သီးနှံဈေးနှုန်းထိန်းညှိရေးကော်မရှင်"တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးရန် အဆိုအား တင်သွင်းပြီး အတည်ပြုပေးခဲ့ပါကြောင်း၊ တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် လယ်ယာမြေပြဿနာများ၊ လယ်ယာလုပ်သားရှားပါးမှု ပြဿနာများ၊ ရာသီဥတု ဖောက်ပြန်မှုများ၊ သဘာဝ ဘေးအန္တရာယ်များ၊ ကြွေးမြီသံသရာ ဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အသေးစိတ် လေ့လာသုံးသပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ အရေးအတွက် နိုင်ငံတော်အစိုးရကလည်း အထူးအလေးထား ဆောင်ရွက်နေသည်ဖြစ်၍ မိမိတို့က ပူးပေါင်းကူညီဆောင်ရွက်သွားရန် လိုပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူ လယ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းစဉ်များကို စိစစ်သုံးသပ်၍ အရှေ့တစ်ခုသို့ ရောက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ တောင်သူလယ်သမားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံခြင်း၊ အခြားသော အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ NGO၊ INGO များနှင့် တွေ့ဆုံခြင်းတို့မှ ရရှိလာသည့် အချက်အလက်များ အပေါ်မူတည်၍ လွှတ်တော်တွင် လယ်သမားများအကျိုး ရှေးရှုသည့် မေးခွန်းများ၊ အဆိုများတင်သွင်း ဆောင်ရွက်နိုင်သည် အထိ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီအနေဖြင့် တောင်သူ လယ်သမားများ၏ အကျိုးစီးပွား ကာကွယ်ရေးဥပဒေများ စိစစ်ရာတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ အပြည့်အဝခံစားရရှိစေရန် အတွက် သွင်းအားစုများ ဈေးနှုန်းချိုသာစွာ ရရှိရေး၊ သီးနှံဈေးနှုန်း တည်ငြိမ်ရေး၊ သီးနှံသိုလှောင်ရေးစနစ်နှင့် ဈေးကွက်ရရှိရေး၊ လယ်ယာနည်းပညာ သင်တန်းများနှင့် ရာသီဥတုအလိုက် စိုက်ပျိုးရေး အကြံပြု ဝန်ဆောင်မှုပေးခြင်း စသည့် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိစေရေး လေ့လာဆန်းစစ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ လိုအပ်ပါက Contract Farming Law၊ Crop Insurance Law၊ Agricultural Extended Service Law၊ Agricultural Marketing Law များနှင့်ပတ်သက်၍ ဥပဒေတစ်ခုချင်းစီကိုသော် လည်းကောင်း၊ အားလုံးကို လွှမ်းခြုံနိုင်သော တောင်သူလယ်သမား အကျိုးစီးပွားကို ကာကွယ်နိုင်မည့် ဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးကို သော်လည်းကောင်း ကြိုးစားဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်အတွက် အရေးပါသည့် တောင်သူလယ်သမားများ အားကိုးအားထားပြုရသော လွှတ်တော်တစ်ရပ် ဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကော်မတီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ အာကာသပြတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တို့ကို သွားရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းနှင့် အဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီက ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အာကာသပြတိုက်တို့ကို သွားရောက်လေ့လာကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမကြီး၊ ကော်မတီရုံးခန်းများကို လေ့လာကြည့်ရှုကြပြီး ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လေ့လာရေးအဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မုံရွာမြို့နယ်၌ ရှစ်တန်းသွား လက်ဆွဲမျိုးစေ့ချ ကိရိယာဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြ

မုံရွာ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ရှစ်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄)စက်မှုလယ်ယာစခန်း မုံရွာမြို့နယ် ဖန်းခါးကျင်းကျေးရွာ တောင်သူ ဦးထွန်းမော်၏ လယ်မြေ နှစ်ဧကအတွင်း ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်း သရုပ်ပြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က မျိုးစေ့ချကိရိယာအသုံးပြုခြင်း၏ အားသာချက်၊ အားနည်းချက်များကို တောင်သူများနှင့် ဆွေးနွေးခဲ့ကာ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးဇေယျာမင်းထက်က မျိုးစေ့ချကိရိယာ အသုံးပြုနည်းစနစ်များကို ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တောင်သူများအား စပါးမျိုးစေ့ချကိရိယာ တစ်လက်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**



# ကံမမြို့နယ်မီးသတ်တပ်ဖွဲ့က ရေဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်သတိပေး

ကံမ ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မြစ်ရေ၊ ချောင်းရေများ ရုတ်တရက်မြင့်တက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမက ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ရေဘေး ကြိုတင်ကာကွယ်ရေး သတိပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ကြရန် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနများသို့ လမ်းညွှန်မှာကြားထားသည်။

**သတိပေးနှိုးဆော်**

အဆိုပါ လမ်းညွှန်ချက်အရ ကံမမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့တွင် ကံမမြို့နယ် အမှတ်(၁)၊ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းနှင့် ဧရာဝတီမြစ်ကမ်းဘေးရှိ လူနေအိမ်များအား ရေဘေးကြိုတင်ကာကွယ်ရေး သတိပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း ဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်း ရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲ များပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၁၆ ဖြင့် ဧပြီ၂ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့်ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်း ရေးကော်မတီဝင်များ၊ ဒီမိုကရေစီအကျိုးပြုကရင် တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောရွှေဝ၊ စစ်ဦးစီး အရာရှိချုပ် စောဆန်းအောင်၊ စစ်ရေးချုပ် စောစိန်ဝင်း၊ အမှတ်(၁)ကွပ်ကဲရေးမှူး စောထူးအောင်၊ နည်းဗျူဟာ မှူး စောအောင်ထူး၊ စီးပွားရေးတာဝန်ခံ စောနေဘလု၊ ကုန်သွယ်ရေးဒုတိယဌာနမှူး စောမြင့်ဦးတို့ ပါဝင် သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသ တည်ငြိမ်အေးချမ်းရေး၊ လိုအပ်သည့်ပညာရေး၊ကျန်းမာ ရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို နောင်မျိုးဆက်သစ်များ အတွက် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေ များနှင့် DKBA အနေဖြင့်လည်း ပတ်သက်မှုမရှိစေ ချင်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော် သမ္မတက ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်းနှင့် ဒေသတည်ငြိမ်ရေး အတွက် အစိုးရ၊ တပ်မတော်နှင့် လက်တွဲဆောင်ရွက် နိုင်မည့်အခြေအနေများကို ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြုကရင် တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောရွှေဝက နယ်မြေ တည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အား နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ပဋိပက္ခကာလများတွင်လည်း ဘက်မလိုက်ဘဲ ကြားနေ၍ သဟဇာတဖြစ်အောင် တည်ဆောက်ခဲ့ ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ကြာရှည်မှုနှင့် ပြည်သူများခံစားရမှုအခြေအနေများကို နည်းလမ်းများ ရှာဖွေရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အတူတကွ ဖော်ဆောင်နိုင်မည်ဖြစ် ကြောင်း၊ DKBA အဖွဲ့အား တည်ထောင်ခဲ့သည့် ယခင် ခေါင်းဆောင်ကြီးများ၏ လမ်းစဉ်အတိုင်း ဆက်လက် လျှောက်လှမ်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နယ်မြေ ဒေသ တည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော် အစိုးရနှင့် အတူတကွ လက်တွဲဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက် အဖွဲ့များ နယ်မြေအတွင်း မရှိစေရေး၊ ဆုံဆည်းမြိုင်၊ ဝေါလေ၊ ကျောက်ခတ်ဒေသရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းအဆင့်မြှင့်နိုင် ရေး၊ ပြဋ္ဌာန်းစာအုပ်များထောက်ပံ့ပေးရေး၊ ကျောင်း ဆရာ ဆရာမများ ဖြည့်ဆည်းနိုင်ရေး၊ ကျေးရွာများ တွင် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ ဖြစ်ပွားနေ သဖြင့် ကာကွယ်ဆေး၊ ကုသဆေးဝါးများ ထောက်ပံ့ ပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က DKBA အဖွဲ့များ၏ နယ်မြေများမှ အဓိကနယ်မြေများဖြစ် သော ဝေါလေ၊ ကျောက်ခတ်၊ ဘုရားသုံးဆူတို့တွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ကင်းစင်ရေး၊ တပ်မတော်၊ နယ်မြေခံတပ်များ၊ တိုင်းစစ်ဌာနချုပ်၊ ဒေသအစိုးရအဖွဲ့များနှင့် လက်တွဲပူးပေါင်း တိုက်ဖျက် နိုင်ရေး၊ လက်ရှိကရင်ပြည်နယ်အတွင်း ထိတွေ့ တိုက်ပွဲများအရ မြေပြင်လုံခြုံရေးအခြေအနေများ၊ စစ်ဆင်ရေးအခြေအနေများနှင့်ပတ်သက်၍ DKBA အဖွဲ့အနေဖြင့် တပ်မတော်၊ သက်ဆိုင်ရာတိုင်းစစ်ဌာန ချုပ်နှင့် ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊ ဒေသတည်ငြိမ် ရေး၊ အေးချမ်းရေးအတွက် တိုက်ပွဲများ လျှော့ချ ရပ်တန့်စေမှုမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များကို အလေးထား လုပ်ဆောင်ရေး၊ နှစ်ဖက်အလွတ်သဘော ဆွေးနွေးမှု များမှ တွေ့ဆုံဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည် သော ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများမှ ပိုမိုထိရောက်သော၊ ရိုးသားပွင့်လင်းသော ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော် နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော်(DKBA)စစ်ဦးစီးအရာရှိချုပ် စောဆန်း အောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



## အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်ဆိုင်ရာလေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာအသိပညာတိုးတက် ရေးနှင့် အခွန်ဆိုင်ရာလေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှု အစီအစဉ် (Tax Awareness Campaping)ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မိုးအောင်က အခွန်အကြောင်း သိကောင်းစရာများခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

ဗလ

## ကျုံကပြင်-တက်ဆိပ်ဒေသခံ သားငှက်ထိန်းသိမ်းရေးဧရိယာတွင် ရှားပါးမျိုးစိတ်ဖြစ်သည့် ကြိုးကြာငှက်အသိုက်ကို ၂၀၂၆ ခုနှစ်အတွက် ပထမဆုံးအကြိမ် မှတ်တမ်းတင်နိုင်ခဲ့

ရန်ကုန် ဇူလိုင် ၉

ကျုံကပြင်-တက်ဆိပ်ဒေသခံ သားငှက်ထိန်းသိမ်းရေး ဧရိယာ တွင် ရှားပါးမျိုးစိတ်ဖြစ်သည့် ကြိုးကြာငှက်အသိုက်ကို ၂၀၁၆ ခုနှစ်အတွက် ပထမဆုံးအကြိမ် အနေဖြင့် ဇူလိုင် ၈ ရက်တွင် စတင်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ကျုံကပြင်-တက်ဆိပ် ဒေသခံ သားငှက်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။



ကျုံကပြင်-တက်ဆိပ်ဒေသခံ သားငှက်ထိန်းသိမ်းရေးဧရိယာ တွင် ရှားပါးမျိုးစိတ်ဖြစ်သည့် ကြိုးကြာငှက်အသိုက်ကို တွေ့ရစဉ်။

ကျုံကပြင်-တက်ဆိပ်ဒေသခံ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (KT-CCA)သည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်း ရေးလုပ်ငန်းများ၏ တစ်စိတ် တစ်ပိုင်းဖြစ်သော ကြိုးကြာ ငှက်အသိုက်စာရင်းများကို နှစ်စဉ် ကောက်ယူလျက်ရှိသည်။ အဆိုပါ ငှက်များသည် မိုးရာသီတွင် အသိုက်ဆောက်လုပ်ပြီးစီးပါက ဥဥခြင်းကိုစတင်ကာ ဥတစ်လုံးမှ နှစ်လုံးအထိ ဥလေ့ရှိပြီး တစ်နှစ် လျှင် တစ်ကြိမ်သာ သားပေါက် လေ့ရှိကြောင်း သိရသည်။

KT-CCA အနေဖြင့် ဇီဝမျိုးစုံ ထိန်းသိမ်းရေးကို လုပ်ဆောင် လျက်ရှိပြီး မျိုးသုဉ်းရန်အန္တရာယ် ရှိသည့် ငှက်များ၊ ရှားပါးငှက်မျိုး စိတ်များနှင့် ဌာနေငှက်များ အပါအဝင် လက်ရှိတွင် ငှက်မျိုး စိတ် ၁၀၀ ခန့် ကျုံကပြင်- တက်ဆိပ်သားငှက်ထိန်းသိမ်းရေး ဧရိယာအတွင်း ကျက်စားလျက် ရှိကြောင်း သိရသည်။

KT-CCA သည် ဒေသခံများ ကိုယ်တိုင်ဦးဆောင်၍ ဇီဝမျိုးစုံ မျိုးကွဲ စောင့်ကြည့်ရေးလုပ်ငန်း၊ ပညာပေးလုပ်ငန်း၊ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ရေရှည် တည်တံ့သောသယံဇာတထုတ်ယူ သုံးစွဲနိုင်ရေး နည်းပညာပေး လုပ်ငန်းများကို ဆက်စပ်အဖွဲ့ အစည်းများနှင့်အတူ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ထို့အပြင် ဒေသခံများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိ နိုင်ရန် ကျုံကပြင်- တက်ဆိပ် သားငှက်ထိန်းသိမ်းရေး နယ်မြေ တွင် ဇီဝမျိုးစုံထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်၍ ငှက်လာရောက်ကြည့်ရှုနိုင်သည့် အစီအစဉ်ကို ဖော်ဆောင်ထား ကြောင်းလည်း သိရသည်။ MT

## ဝန်းသို- အထက၌ အသိပညာပေး ဟောပြောပွဲပြုလုပ်

ဝန်းသို ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ မြို့နယ်မီးသတ် ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ဝန်းသို) မြတ်ဆရာ ခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောရာတွင် မြို့နယ်မီးသတ်ဦးစီး မှူး ဦးနိုင်လင်းဖြိုးက မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင် ဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး အစရှိသည့် သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ရှာဖွေ ကယ်ဆယ်ရေးဆိုင်ရာအကြောင်းတို့ကို ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခွင်ကြည်က လူငယ်ဆိုင်ရာအသိပညာပေး ပြောကြား သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ ဝင်များက ငလျင်ဘေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူ ၂၀၀ တို့အား ဖြန့်ဝေခဲ့ကြပြီး သဘာဝဘေးအန္တရာယ်နှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက် လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## Naypyitaw State Academy အပန်းဖြေရိပ်သာ (Recreation Centre) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပညာရေးဝန်ကြီးဌာန Naypyitaw State Academy အပန်းဖြေရိပ်သာ (Recreation Centre) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ပါမောက္ခချုပ် ဒေါက်တာနုနုလွင်တို့က အပန်းဖြေရိပ်သာ(Recreation Centre) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က စက်ခလုတ်နှိပ် ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမှာစကားပြောကြားပြီး အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပါမောက္ခချုပ်ထံ Recreation Centre ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့အား ပါမောက္ခချုပ်က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က Recreation Centre အတွင်းပါဝင်သည့် Fitness Center ခန်းများ၊ Cafeteria ခန်းနှင့် BUDDY Mini mart တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

မန္တလေး ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## လူငယ်နှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ပဲခူး ဇူလိုင် ၉

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးရေး" အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အထက သနပ်ပင်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဗလာစာအုပ်များ၊ လက်ဆွဲအိတ်များ၊ အားကစားပစ္စည်းများ၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ဦးစီးဌာန၌ ဂစ်တာတီးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကိုယ်ကာယလေ့ကျင့်ခန်းသင်တန်းဖွင့်လှစ်သင်ကြားနေမှုများကို ကြည့်ရှုပြီး စာကြည့်တိုက်၌ လူငယ်များနှင့်တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၏ (၁၉) ကြိမ်မြောက်မျက်စိအလှူတွင် မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းနိုင်

ရန်ကုန် ဇူလိုင် ၉

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၁၉) ကြိမ်မြောက်မျက်စိအလှူအတွက် မျက်စိဝေဒနာရှင်များ ဇူလိုင် ၉ ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း အဆိုပါဆေးရုံမှ ကြေညာထားသည်။

ဒဂုံမြို့သစ် (မြောက်) ဘေလီတံတား၊ နာရီစင်မှတ်တိုင်ဦးဝိစာရနှင့် ပင်လုံလမ်းဆုံ၊ သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)တွင် စတင်လက်ခံသွားမည်ဖြစ်၍ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားစာရင်းပေးနိုင်ကြောင်း သိရသည်။

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၁၈) ကြိမ်မြောက် မျက်စိအလင်းအလှူကို ဇွန် ၉ ရက်မှ ၁၄ ရက်အထိ စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများ ပြုလုပ်ပေးရာ စမ်းသပ်စစ်ဆေးလူနာ ၁၂၅၇ ဦး၊ ခွဲကုလူနာ ၄၇၆ ဦးနှင့် လေဆာပစ်ကု ၄၅ ဦးတို့ကို ကုသပေးနိုင်ခဲ့ပြီး (၁၈) ကြိမ်မြောက်တွင် မျက်စိခွဲစိတ်ကုသမှုခံယူထားကြသည့် မျက်စိဝေဒနာရှင် ၅၀၀ ကျော်ကိုလည်း ဇူလိုင် ၁၀ ရက်တွင် တစ်လပြည့်အနေဖြင့် ဆရာဝန်ကြီးများက ပြန်လည်စစ်ဆေးပေးမည်ဟု အဆိုပါဆေးရုံမှ ကြေညာထားသည်။



သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်) ၏ ပထမအကြိမ်မှ(၁၈) ကြိမ်မြောက် မျက်စိအလင်းအလှူအထိ မျက်စိဝေဒနာရှင်စမ်းသပ်လူနာ ၂၂၆၇၂ ဦး၊ ခွဲကုလူနာ ၇၀၄၅ ဦးနှင့် လေဆာပစ်ကု ၄၃၉ ဦးကို စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

MT

## တပ်ကုန်းမြို့၌ တီဘီရောဂါကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်

တပ်ကုန်း ဇူလိုင် ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့၊ ရွှေမြို့တိုက်နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ တီဘီရောဂါကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၇ ရက်က အောင်မြေရိပ်သာကျေးရွာအုပ်စု ဒယောက်ကူးကျေးရွာဓမ္မာရုံ၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်းနှင့် ဆေးကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်သူ ၁၄၈ ဦး၊ X ray စစ်ဆေးသူ ၁၆၅ ဦး၊ တီဘီရောဂါသံသယရှိသူ ၁၂ ဦး၊ သလိပ်ပိုးစစ်ဆေးသူပေါင်း ၁၂ ဦးတို့ကို စစ်ဆေးမှုများနှင့်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်





လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၈ ရက် နံနက် ၉ နာရီခွဲက ရန်အောင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# မြန်မာ့အနာဂတ်အတွက် အရေးပါလှတဲ့ လူဦးရေအချက်အလက်

မောင်မုဒိတာ

**ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်မြောက်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကမ္ဘာ့လူဦးရေနေ့သည် ကမ္ဘာ့နိုင်ငံအသီးသီး၌ လူဦးရေနှင့်ပတ်သက်သည့်ပြဿနာများကို အရေးတကြီးဖြေရှင်းနိုင်ရေးနှင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များကို လူသားအားလုံး အလေးဂရုပြု အာရုံစိုက်မိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။**




နှစ်စဉ် အဆိုပါနေ့ရက်ရောက်ရှိတိုင်း ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၂၆ ခုနှစ်ဆိုလျှင်(၃၇)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့အဖြစ် နှစ်စဉ်ကျင်းပသည့် အခမ်းအနားများကိုလည်း နိုင်ငံအလိုက် လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအခက်အခဲဖြစ်ပွားသည့် ပြဿနာအကြောင်းအရာများအပေါ် အခြေခံ၍ ဖြေရှင်းဆောင်ရွက်နိုင်မည့်၊ ဖြေရှင်းဆောင်ရွက်သင့်သည့် နည်းပေးလမ်းပြ အချက်အလက်များကို ထင်ရှားပေါ်လွင်အောင် မီးမောင်းထိုးပြလိုသည့် အချက်များကို ဆောင်ပုဒ်များအဖြစ် သတ်မှတ်ဖော်ပြ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။

## မြန်မာ့အနာဂတ်အတွက် အဓိကကျ အရေးပါလှ

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေကို လမ်းကြောင်းဖော်၊ မီးမောင်းထိုးပြသသည့်အနေဖြင့် **"လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့"** ဟူသည့် ဆောင်ပုဒ်ကို ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်အဖြစ် ဖော်ထုတ်သတ်မှတ်ထားသည်။

ယခုဆောင်ပုဒ်သည် နိုင်ငံတစ်ဝန်း ပြည်သူအားလုံးပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာကောက်ယူဆောင်ရွက်နိုင်ခဲ့သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ဖော်ထုတ်ရရှိသည့် မြန်မာနိုင်ငံ၏လူဦးရေအခြေအနေ၊ လူနေမှုဘဝဆိုင်ရာအချက်အလက်များကို အခြေခံဖော်ထုတ်အသုံးပြုကာ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက် ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ရန် တွန်းအားပေးနှိုးဆော် အသိပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သန်းခေါင်စာရင်းဆိုင်ရာ လူဦးရေအချက်အလက်များသည် မြန်မာ့အနာဂတ်အတွက် မရှိမဖြစ် အဓိကကျ အရေးပါလှကြောင်း ထင်ထင်ရှားရှား အလင်းပြပေးလိုက်ခြင်းပင်။

သန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အဓိက အခြေခံအသုံးပြုရသည့် ကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏကြီးမားမှု၊ ငွေကြေးအကုန်အကျများပြားမှုများကြားကပင် ၁၀ နှစ်လျှင် တစ်ကြိမ်ကောက်ယူကြသည်။

အဓိကမှာ နိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံအသုံးပြုမည့် လူဦးရေ၊ ကိန်းဂဏန်းအချက်အလက်များ မှန်မှန်ကန်ကန် ရရှိရေးအတွက်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအနည်းစုပင်ငါးနှစ်လျှင်တစ်ကြိမ် မဖြစ်မနေကောက်ယူကြသည်။ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၂၄ ခုနှစ်တို့တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ခဲ့သည်။ ယင်းကဲ့သို့ ကောက်ယူနိုင်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံ၏လူဦးရေ ပြောင်းလဲမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို နှစ်အလိုက် ချိန်ထိုးဆန်းစစ် လေ့လာသုံးသပ်မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ခဲ့ပြီး ယင်းအချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့လူဦးရေသည် ၁၉၈၇ ခုနှစ်တွင် သန်းငါးထောင်ပြည့်မြောက်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် လူဦးရေ သန်းရှစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် ကမ္ဘာ့လူဦးရေဆိုင်ရာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့အစည်းအသီးသီးက ၎င်းတို့နိုင်ငံ၏ အရွယ်အစား၊ နေထိုင်သည့်လူဦးရေ၊ ဒေသအလိုက် လူဦးရေအစိပ်အကျဲ၊ ထွက်ရှိသည့် သယံဇာတအရင်းအမြစ် စသည်တို့အပေါ် သုံးသပ်ကာ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နိုင်ငံတော်လုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်သောစီမံချက်များဖြင့် ရေးဆွဲပုံဖော်ကြသည်။ ယင်းစီမံချက်များ တိကျမှန်ကန်စွာရေးဆွဲချမှတ်နိုင်ဖို့က မှန်ကန်သည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို မဖြစ်မနေ အုတ်မြစ်အဖြစ် အခြေခံအသုံးပြုဆောင်ရွက်ကြရသည်သာဖြစ်သည်။

## နိုင်ငံရဲ့ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေတဲ့ သံလိုက်အိမ်မြှောင်

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၁) (MICC-I) ၌ ကျင်းပခဲ့ရာတွင် ယခင် နိုင်ငံတော်ယာယီသမ္မတ၊ ယခု နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်မိန့်ခွန်းမြွက်ကြားရာမှာ **"ယုံကြည်အားထားရတဲ့ အချက်အလက်မရှိတဲ့နိုင်ငံဟာ သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေတဲ့ ကပ္ပတိန်နဲ့ အလားသဏ္ဌာန်တူနေတယ်လို့ဆိုပါတယ်။ သန်းခေါင်စာရင်းက ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေတဲ့ သံလိုက်အိမ်မြှောင်လို့ တင်စားလိုပါတယ်။ ဒါ့အပြင် သန်းခေါင်စာရင်းဆိုတာက နိုင်ငံရဲ့အုပ်ချုပ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲသူတွေ၊ မူဝါဒချမှတ်သူတွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ ပညာရေးမျှော်မှန်းချက်တွေ ဖော်ဆောင်ဖို့၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတွေ မြှင့်တင်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖို့၊ လူမှုကူညီဆောင်ရွက်နိုင်ရေးလုပ်ငန်းတွေ ချဲ့ထွင်ဖို့ စတဲ့လုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ သန်းခေါင်စာရင်းအချက်အလက်တွေက များစွာအထောက်အကူပြုပါတယ်။ ယုံကြည်အားထားရတဲ့ စာရင်းဇယားအချက်အလက်များဟာ နိုင်ငံရဲ့ အသက်သွေးကြောလို့ ဆိုနိုင်ပါတယ်"** ဟု သန်းခေါင်စာရင်းအချက်အလက်များ၏ အရေးပါမှုကို ဖော်ညွှန်းကာ ထည့်သွင်းမြွက်ကြားခဲ့ပါသည်။

ယခုဆိုလျှင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသည့်အချက်အလက်များကို အခြေခံပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ရှေ့ပြေးလူဦးရေစာရင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် ပင်မအစီရင်ခံစာဟုခေါ်သည့် ပြည်ထောင်စုအစီရင်ခံစာနှင့် အနှစ်ချုပ်အစီရင်ခံစာ၊ ၂၀၂၆ ခုနှစ်မေလအတွင်းမှာ နေပြည်တော်၊ ရန်ကုန်၊ ပဲခူးနှင့်

> ✻ **၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်သည် ပြောင်းလဲဖြစ်တည်နေသည့် မြန်မာ့လူဦးရေအခြေအနေများကြောင့် ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် မည်သို့မည်ပုံပြောင်းလဲပုံဖော်ကာ မြန်မာ့အနာဂတ် လှပဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာစီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ရေး လမ်းညွှန်ပြသအသိပေးချက်တစ်ရပ်ဖြစ်**
>
> ✻ **အစိုးရတစ်ရပ်အတွက်သာမဟုတ်၊ နိုင်ငံတော်အစိုးရအပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အချက်အလက်အသုံးပြုသူများ အားလုံးအတွက် တွန်းအားတစ်ရပ်အဖြစ် နှိုးဆော်ခြင်းဖြစ်သည်။ ဤတွန်းအားနှင့်အညီ ယုံကြည်အားထားကာ ထိထိရောက်ရောက်၊ မိမိရရ ဆုပ်ကိုင်ဆောင်ရွက်ကြဖို့သာလို**

ဧရာဝတီ စသည့် တိုင်းဒေသကြီးလေးခု၏ အစီရင်ခံစာများကို တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ကျန်တိုင်းဒေသကြီး/ပြည်နယ်များ၏ အစီရင်ခံစာများကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများသည် ယင်းတိုင်းဒေသကြီး/ပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် လူဦးရေနှင့် လူနေမှုဘဝနေထိုင်မှုပုံစံများနှင့် ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်ဖော်ပြထားသည့်အတွက် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေမည့် လိုအပ်ချက်များကို သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် ဖိဖိစီးစီး ထိရောက်စွာ အလေးပေးအသုံးပြု ဆောင်ရွက်နိုင်ရန် အထောက်အကူပြု ပံ့ပိုးပေးလျက်ရှိနေသည်။

သန်းခေါင်စာရင်း အချက်အလက်များသည် လက်ရှိနိုင်ငံတော်အစိုးရအတွက်သာမက အနာဂတ်အစိုးရအဆက်ဆက်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုကြရမည့် တန်ဖိုးရှိသည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်သည်။ ယင်းအချက်အလက်များကို နိုင်ငံတော်အစိုးရအတွက်သာမက စာရင်းအင်းဆိုင်ရာ အချက်အလက်အသုံးပြုသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ ယုံယုံကြည်ကြည် မှီငြမ်းအားကိုး၍ ထိထိရောက်ရောက် အသုံးပြုကြရမည့်အချက်အလက်များဖြစ်သည်။

## နယ်မြေဒေသအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိဆောင်ရွက်နိုင်လိမ့်မည်

သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာ အချက်အလက်များအပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မွေးဖွားမှုနှင့် သေဆုံးမှု၊ မိသားစု စုဖွဲ့မှုနှင့် ရွှေ့ပြောင်းသွားလာမှု၊ အိမ်ရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအခြေအနေ စသည်တို့ပါ အသေးစိတ်ဖော်ပြသည့်အတွက် ယင်းအချက်အလက်များကိုသုံးသပ်ကာ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ ဈေးကွက်ဖော်ဆောင်မှု၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်မှု စသည့်အခြေအနေအရပ်ရပ်ကို သုံးသပ်ဖော်ထုတ်ကာ နယ်မြေဒေသအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် ပုံဖော်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။

လက်ရှိနိုင်ငံတော်အစိုးရသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ဖြင့် ပြည်သူများ၏ ဆန္ဒမဲပေးရွေးချယ်မှု၊ ခန့်အပ်တာဝန်ပေး တင်မြှောက်မှုများဖြင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီအစိုးရဖြစ်သည်။ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်နေသည့် အစိုးရဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ပြည်သူ့အတွက် လက်ငင်းဦးစားပေးအကျိုးရှိစေမည့်လုပ်ငန်းများကို ဝန်ကြီးဌာနအလိုက် ထိထိရောက်ရောက် ဖော်ဆောင်ပေးနေချိန်လည်းဖြစ်ပါသည်။ စာမျက်နှာ ၁၃ သို့ ❑

# စိုက်ပျိုးရေးသုတေသနရလဒ်များ လက်တွေ့အသုံးချမှုကွင်းသရုပ်ပြပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၉

စိုက်ပျိုးရေးသုတေသနရလဒ်များ လက်တွေ့အသုံးချမှုကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနစုကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်း၊ တာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိုက်ပျိုးပညာရှင်ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးသုတေသနရလဒ်များ လက်တွေ့အသုံးချမှု ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက်ရောက်လာသူများနှင့်အတူ ခင်းကျင်းပြသထားသည့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲမည့်နည်းလမ်းများ၊ ထုတ်ဝေပြီး သီးနှံမျိုးသစ်များနှင့် စိုက်ပျိုးထားရှိသည့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် (၁၁၆) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်အားပေးပြီး စပါးသီးနှံ ပန်းတိုင်အထွက်ရရှိရန်အတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

(၁၁၆)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာချိုချိုအောင်က "စပါးမျိုးများ၏ အရည်အချင်း လက္ခဏာများ နှင့် ပန်းတိုင်အထွက်ရရှိရန်အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များအပေါ် အသေးစိတ် ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ပုသိမ် ဇူလိုင် ၉

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးညွန့်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကော်မရှင်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ စပါးနှင့်ယာသီးနှံများအား ခေတ်မီစက်ကိရိယာဖြင့် စိုက်ပျိုးနည်း သရုပ်ပြ

မိုင်းရယ် ဇူလိုင် ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်ရှိ စပါးနှင့် ယာသီးနှံစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးစရိတ် ငွေရမ်းခ သက်သာစေရန်နှင့် ခေတ်မီစက်ကိရိယာဖြင့် စနစ်တကျစိုက်ပျိုးတတ်စေရန်ရည်ရွယ်၍ စိုက်ပျိုးရေးနည်းစနစ်များ သရုပ်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။



ထိုသို့ပြုလုပ်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က စိုက်ပျိုးရေးဦးစီးဌာနရုံး မြေနေရာတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးပင်များပျိုးထောင် ထားရှိမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်များ စမ်းသပ်စိုက်ပျိုးခြင်း၊ စပါးမျိုးစေ့ချ ကိရိယာ၊ ယာသီးနှံမျိုးစေ့ချ ကိရိယာများဖြင့် စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ရှင်းလင်း သရုပ်ပြခဲ့ကြောင်းသိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

■ ၂၀၂၆ မှ

(Senior Amateur) အမျိုးသားပြိုင်ပွဲ၌ Handicap 0 မှ 18 အတွင်းရှိ အသက် ၅၅ နှစ်မှ ၆၀ နှစ်၊ ၆၁ နှစ်မှ ၆၅ နှစ်နှင့် ၆၆ နှစ်မှ ၇၅ နှစ် အထိ ကစားသမားများကို အသက်အုပ်စုအလိုက် ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ယင်းပြိုင်ပွဲကို R&A Rules Limited နှင့် United States Golf Association (USGA) တို့ ပြဋ္ဌာန်းထားသည့် Rules of Golf 2023 နှင့် ပြိုင်ပွဲဒေသန္တရစည်းမျဉ်းများနှင့်အညီ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသည့် ကစားသမားများအနေဖြင့် ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး ကျပ် ၃၀၀၀၀ ပေးသွင်းကာ ၀၉-၄၂၀၀၂၂၅၉ သို့ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်သည်။ ယခင် စာရင်းပေးသွင်းထားသူများသည်လည်း မိမိတို့၏ စာရင်းကို ပြန်လည်အတည်ပြုရန် လိုအပ်သည်။ ထို့ပြင် ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်ကစားသမားများသည် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် အသိအမှတ်ပြု World Handicap System (WHS) Handicap Index Card နှင့် မိမိအသင်းဝင်ဂေါက်ကလပ်မှ ထုတ်ပေးထားသော Handicap ထောက်ခံစာတို့ကို စာရင်းပေးသွင်းရာတွင် ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။ **ချစ်ကိုကို**

❑ စာမျက်နှာ ၁၂ မှ

ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက်က သန်းခေါင်စာရင်းကောက်ယူခြင်းမှ ဖော်ထုတ်ရရှိသည့် တိကျမှန်ကန်သည့် လူဦးရေကိန်းဂဏန်းအချက်အလက်များကို အခြေခံကာ လိုအပ်သည့် စီမံကိန်းများ၊ မူဝါဒများရေးဆွဲချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသက်အရွယ်၊ ကျား၊ မ အလိုက် လူဦးရေ၊ နေထိုင်မှုအစိပ်အကျဲနှင့် နေထိုင်မှုပုံစံ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်သားအင်အား၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဒေသအလိုက်လက်လှမ်းမီနိုင်မှု စသည့်လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ အချက်အလက်အပြည့်အစုံကို တိတိကျကျပံ့ပိုးပေးနိုင်သည့်အတွက် ယင်းအချက်အလက်များကို မှန်ကန်ထိရောက်စွာ အသုံးပြုဖော်ထုတ်ကာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်များကို အသေးစိတ်ချမှတ်ဆောင်ရွက်ကြမှသာ မှန်ကန်ပြည့်စုံသည့် စီမံကိန်းများအဖြစ် ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့တွင် ချမှတ်ခဲ့သည့် ဆောင်ပုဒ်သည် ယင်းကာလက လတ်တလောထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာပါ အချက်အလက်များကို အသုံးပြုပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းထားသည့် **"လူမှုစီးပွား ဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့"** ဆောင်ပုဒ်ဖြစ်သည်။ ဆောင်ပုဒ်နှင့်အညီလည်း သန်းခေါင်စာရင်းအချက်အလက်များကို ဘက်စုံကဏ္ဍစုံ၌ အသုံးပြုဆောင်ရွက်လျက်ရှိနေကြသည်။

ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကတော့ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာအပြင် လက်ရှိပြုစုထုတ်ပြန်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သန်းခေါင်စာရင်း အစီရင်ခံစာများတွင် ဖော်ပြထားသည့် ကိန်းဂဏန်းအချက်အလက်များကိုပါ အသုံးပြု၍ လူဦးရေနှင့် လူနေမှုပုံစံများကို အချိန်နှင့်တစ်ပြေးညီ ဆန်းစစ်သုံးသပ်ပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သည့် စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ရေးဆွဲချမှတ်နိုင်ရန် တိကျမှန်ကန်သည့် လူဦးရေပြောင်းလဲမှုနှင့် လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို အုတ်မြစ်အဖြစ် အခြေခံအသုံးပြုကာ အနာဂတ်မြန်မာနိုင်ငံကို လှပစွာ ထုဆစ်ပုံဖော်ဖို့ တိုက်တွန်းထားသည့် **"လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့"** ဆိုသည့် ဆောင်ပုဒ်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သည် ပြောင်းလဲဖြစ်တည်နေသည့် မြန်မာ့လူဦးရေအခြေအနေများကြောင့် ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် မည်သို့မည်ပုံပြောင်းလဲပုံဖော်ကာ မြန်မာ့အနာဂတ် လှပဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာစီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ရေး လမ်းညွှန်ပြသအသိပေးချက်တစ်ရပ်ဖြစ်သည်။

ယင်းဆောင်ပုဒ်သည် အစိုးရတစ်ရပ်အတွက်သာမဟုတ်၊ နိုင်ငံတော်အစိုးရအပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အချက်အလက်အသုံးပြုသူများ အားလုံးအတွက် တွန်းအားတစ်ရပ်အဖြစ် နှိုးဆော်ခြင်းဖြစ်သည်။ ဤတွန်းအားနှင့်အညီ ယုံကြည်အားထားကာ ထိထိရောက်ရောက်၊ မိမိရရ ဆုပ်ကိုင်ဆောင်ရွက်ကြဖို့သာလိုသည်။ ယုံကြည်အားထားရသော သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံ၏အသက်သွေးကြောဟု တင်စားခေါ်ဆိုကြသည်။

ယင်းသို့ နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် နိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များကို လေ့လာသုံးသပ်ကာ နိုင်ငံ၏ရှေ့ခရီးတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် ထိထိရောက်ရောက် အသုံးပြု၍ မဟာဗျူဟာ စီမံချက်များရေးဆွဲချမှတ်ပြီး အေးချမ်းခေတ်မီ မြန်မာ့အနာဂတ်ဆီကို ဦးတည်ချီတက် ခရီးဆက်၍ ပုံဖော်ဖန်တီးတည်ဆောက်ကြရမည် ဖြစ်ပါကြောင်း မုဒိတာစိတ်ထားဖြင့် နှိုးဆော်ရင်း ကမ္ဘာ့လူဦးရေနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

**"လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့"**

**"Building Myanmar's Developed Future Through Population Data"**

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်တစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

နေပြည်တော် ဇူလိုင် ၉

တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဘုတ်ကျွန်းအနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ကုလားကုတ်ကျွန်း၏အနောက်ဘက် ရေမိုင် ၂၇ ဒသမ ၅ မိုင်အကွာ၌ MV ATK Nyein အမည်ရှိ ကုန်တင်ရေယာဉ်တစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း MV Oceanstar ကုန်တင်ရေယာဉ်၏ သတင်းပေးပို့ချက်အရ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲတွင် ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်ကိုတွေ့ရှိခဲ့ပြီး ကုန်တင်ရေယာဉ်ပေါ်တွင် လိုက်ပါလာသော အမှုထမ်း ၁၂ ဦးအား စစ်ရေယာဉ်ပေါ်သို့တင်ဆောင်ကာ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ယနေ့နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ရာဇာမင်းတံတား၌ သက်ဆိုင်ရာတာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းလှမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးနှုန်းနှင့်အညီရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မင်းလှ ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် စားအုန်းဆီလက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များ၌ ရည်ညွှန်းဈေးနှုန်းနှင့် အညီရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ဆီအသင်းဥက္ကဋ္ဌတို့က စားအုန်းဆီ ဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများ ချိတ်ဆွဲဖြန့်ဖြူးရောင်းချမှု ရှိ၊ မရှိ၊ အလေးချိန် မှန်ကန်မှုရှိ၊ မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျ ရောင်းချပေးရေးနှင့် ရရှိသော ဆီပိသာချိန် ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ် ရောင်းချမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

■

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၁ ဒသမ ၅၈၅၆ တန်၊ သစ်မာ ၁၃ ဒသမ ၇၂၃၀ တန်၊ အခြား ၃၄ ဒသမ ၈၃၆၆ တန် စုစုပေါင်း ၈၀ ဒသမ ၁၄၅၂ တန်၊ ယာဉ်/ယန္တရားတစ်စီး၊ တရားခံသုံးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**





# လေးမျက်နှာမြို့နယ် တူးရိုးတံတားချဉ်းကပ်လမ်း ရေတိုက်စားမှု ကြည့်ရှုစစ်ဆေး

လေးမျက်နှာ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခတ္တာ–ဘိသလွန်–ကရင်တော–ကတက်ကုန်းလမ်းမပေါ်ရှိ တူးရိုးတံတား ပေ ၈၀ ချဉ်းကပ်လမ်း ရေတိုက်စားမှုကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မြတ်ပွင့်ဖြူနှင့် တာဝန်ခံအင်ဂျင်နီယာများ ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ဦးစီးမှူးက တံတားချဉ်းကပ်လမ်း ရေမတိုက်စားစေရန် စီမံဆောင်ရွက်ထားရှိမှုနှင့် ရေရှည်ကောင်းမွန်ပြီး ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေစေရန် ဆောင်ရွက်နေမှုများတို့ကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)က ချဉ်းကပ်တာပေါင်ရေမတိုက်စားစေရန် ဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ ထပ်မံမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ပို့ဆောင်၍ ငွေကြေး အကျိုးအမြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၉

အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရိုးလေး (ငြိမ်းချမ်း)ကျေးရွာနေ မ----၊ (၂၁)နှစ်သည် ၂၀၂၅ ခုနှစ် ဇွန်လခန့်က ညီမဖြစ်သူတွင် မျက်လုံးတိမ်စွဲရောဂါရှိသဖြင့် ရေမန်းဖြင့်ကုသရန် ဒေါ်မြသန္တာခိုင်(လိပ်စာတူ)ထံတွင် ကုသခဲ့ရာမှ ခင်မင်ရင်းနှီးခဲ့ကြောင်း၊ အမျိုးသမီးငယ်က မိသားစုအခက်အခဲနှင့် အကြွေးများရှိကြောင်း ပြောပြခဲ့ရာ ဒေါ်မြသန္တာခိုင်က တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရမည်၊ လမ်းစရိတ် ကုန်ကျခံပို့ပေးမည်၊ တစ်နှစ်ပေါင်းသင်းနေထိုင်ရမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း။

ထို့နောက် ဒေါ်မြသန္တာခိုင်နှင့် ဒေါ်ခင်မြကျော်(လိပ်စာတူ)တို့ နှစ်ဦးက အမျိုးသမီးငယ်၏ နေအိမ်သို့ရောက်ရှိလာပြီး မနန်း(စိစစ်ဆဲ) ဆိုသူကို ငွေကျပ်သိန်း ၁၅၀ ပေးရန်ပြောထားကြောင်းနှင့် အမျိုးသမီးငယ်၏ဓာတ်ပုံအား မနန်းထံသို့ ပို့ခဲ့ကြောင်း၊ အမျိုးသမီးငယ်က ညီမဖြစ်သူ ဆေးကုသရန်အတွက် ဒေါ်ခင်မြကျော်ထံမှ ငွေကျပ်ခြောက်သိန်း ထုတ်ယူခဲ့ကြောင်း၊ ရန်ကုန်မှ မန္တလေးသို့ ဒေါ်မြသန္တာခိုင်၊ ဒေါ်ခင်မြကျော်တို့နှင့်အတူ သွားရောက်ခဲ့ပြီး မန္တလေးမှ မူဆယ်သို့ တစ်ဦးတည်းသွားရောက်ရန် ၎င်းတို့စီစဉ်ပေးသည့် အငှားယာဉ်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ခဲ့သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ)၃၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၇ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ ဒေါ်မြသန္တာခိုင်နှင့် ဒေါ်ခင်မြကျော်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)ဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ❂ ရန်ကုန်တိုင်းဒေသကြီးမှ

မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ပန်းဘဲတန်း၊ လမ်းမတော်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ ကမာရွတ်နှင့် ဗဟန်းမြို့နယ်တို့၌ အမှုစုစုပေါင်း ၁၁၇ မှုနှင့် ကျူးလွန်သူ တရားခံ ကျား ၉၄ ဦး၊ မငါးဦး စုစုပေါင်း ၉၉ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ခါးပိုက်နှိုက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သော လက်ကိုင်ဖုန်းအလုံး ၁၄၀ နှင့် ငွေကျပ် ၆၅၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်စေရေးအတွက် ခရိုင်များအလိုက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ မြို့နယ်ပညာရေးဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ကွမ်းခြံကုန်း ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့နယ်ပညာရေးဥက္ကဋ္ဌဖလား အသက်(၁၄)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာစိုးက ဘောလုံးပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ



ဦးချန်ဖီယာန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ပြိုင်ပွဲကို ဇူလိုင် ၈ ရက်မှ ၂၀ ရက်အထိ အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတက်ရောက်

တောင်ကြီး ဇူလိုင် ၉

ရှမ်းပြည်နယ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက တောင်ကြီးမြို့ တောင်ကြီး(ထင်း) ကြိုးဝိုင်းအတွင်း ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက် အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မာတာကွတ်၊ ခါတော်မီ၊ ပိတောက်၊ ခရေ စံကားဝါ စသည့်ပျိုးပင်ပေါင်း ၁၁၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



# ထန်းတပင်မြို့နယ်၌ သဘာဝရေပြင်(လှိုင်မြစ်)အတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျွန်းငူကမ်းနားရှိ သဘာဝရေပြင်(လှိုင်မြစ်)အတွင်းသို့ ယနေ့နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေ ရှစ်သိန်းရှစ်သောင်းကို ငါးမျိုးစိုက်ထည့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုများဖြင့် ငါးမျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး သဘာဝရေပြင်(လှိုင်မြစ်)အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကိုလည်း တိုင်းဒေသကြီး၊ ခရိုင်တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများပူးပေါင်းကာ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ရှစ်သိန်းရှစ်သောင်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဟားခါးမြို့ရှိ လမ်းတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ချင်းပြည်နယ် ဟားခါးမြို့ တပ်ကုန်းတောင်တန်းသာသနာပြုကျောင်းသို့ သွားရောက်ပြီး သာသနာရေးကိစ္စရပ်များ လျှောက်ထားကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် မုံ့ရွာ(ညောင်ပင်ကြီး)-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း (၃၁၃ ဒသမ ၄၆၀ ကီလိုမီတာမှ ၃၁၃ ဒသမ ၅၈၀ ကီလိုမီတာ)အကြား အလျားမီတာ ၁၂၀၊ ပျမ်းမျှအကျယ် ၆ ဒသမ ၂ မီတာရရန် လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ မိုးရာသီတွင် ရေမတင်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုတင်စုဖွဲ့၍ အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ ဆောင်ရွက်မည့် လျာထားချက်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ချင်းပြည်နယ် ဟားခါးမြို့ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ထမ်းဆောင်နိုင်ရန် လိုအပ်သည့်ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများ၊ ရုံးသုံးပရိဘောဂများ၊ စာရေးကိရိယာများ စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ စုပေါင်းရုံး၊ တောင်ဇလပ်ခန်းမ၌ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ SOP အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရာထူးအဆင့်အတန်းနှင့်လျော်ညီစွာ ပြုမူပြောဆို နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသော နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိမိကိုယ်ကို အရည်အချင်းပြည့်ဝအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်ကြရန်နှင့် တစ်ဦးနှင့်တစ်ဦး ပြောဆို ဆက်ဆံရာတွင်လည်း မေတ္တာထားဆက်ဆံကြရမည်ဖြစ်ကြောင်း မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုဒုံမြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး

မုဒုံ ဇူလိုင် ၉

မွန်ပြည်နယ် မုဒုံမြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မုဒုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး မြို့နယ်တောအုပ်ကြီးက သစ်တောသစ်ပင်များ၏ အရေးပါပုံ၊ မြန်မာနိုင်ငံ၏ လက်ရှိသစ်တောဖုံးလွှမ်းမှုအခြေအနေ၊ ယခုနှစ်မြို့နယ်အတွင်း သစ်ပင်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးမှု၊ ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းစဉ်များနှင့် ပြည်သူများ သစ်တောသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ဌာနအနေဖြင့် ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)




# ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ် ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၃၀ ကေဗွီ နေပြည်တော်(၁) ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို ဇူလိုင် ၁၁ ရက်နေ့ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာ ၅၁ ရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပေါင်မြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး

ပေါင် ဇူလိုင် ၉

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက သစ်တောသစ်ပင် အရေးပါပုံနှင့် သစ်တောများမှ ရရှိစေသည့် အကျိုးကျေးဇူး၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေ၊ သစ်တောများ ပျက်စီး ပြုန်းတီးစေသည့် အကြောင်းအရင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် သစ်တောဦးစီးဌာန၏ ဆောင်ရွက်မှု၊ ၂၀၂၆ ခုနှစ် မိုးရာသီတွင် ပေါင်မြို့နယ်၌ သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်ပေါင်း ၂၅၀၀၀ အား ဖြန့်ဝေပြီးစီးမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ကြေးမုံ ပြည်သူ့ထံမှ ပေးစာများ

### မြို့နယ်လဝကရုံးအား နေရာပြောင်းရွှေ့ဖွင့်လှစ်ပေးစေလို

**စာတည်းမှူးခင်ဗျား**

ကြည့်မြင်တိုင်မြို့နယ်မှ လဝကရုံးမှာ ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ လူနေတိုက်ခန်း ပထမအထပ်ကျဉ်းကျဉ်းလေးတွင် တည်ရှိပါသည်။ အရှည်မှာပေ ၃၀ ခန့်၊ အကျယ်မှာ ၁၀ ပေသာသာမျှသာရှိနိုင်ပြီး ရုံးစားပွဲခုံနှစ်လုံးချထားရာ အလယ်လူသွားလမ်းမှာ နှစ်ပေမျှပင်မကျန်ပါ၊ ဘေးတိုက်သွားနေရပါသည်။

မြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်ရှိပြီး ရုံးထဲ၌ မှတ်ပုံတင်လာလုပ်သူ၊ အိမ်ထောင်စုစာရင်းလာလုပ်သူများမှာ မတ်တတ်ရပ်စရာ နေရာပင်မရှိအောင် ကျဉ်းမြောင်းပါသည်။

ထို့ပြင် အဝင်ဝတံခါးမှာလည်း အမြဲပိတ်ထားပြီး ဝန်ထမ်းဘယ်သူနဲ့တွေ့ချင်လို့ပါဆိုမှ ထိုဝန်ထမ်းက ခွင့်ပြုမှသာ ဖွင့်ပေးတတ်ပါသည်။

သို့အတွက် မှောင်မည်းသောလှေကားတွင် မှတ်ပုံတင်လာလုပ်သူ၊ အိမ်ထောင်စုစာရင်းများလာလုပ်သူတို့မှာ စုပြုံရပ်စောင့်နေရပါသည်။ ထို့ပြင် လှေကားနံရံတွင်လည်း လျှပ်စစ်မီးကြိုးများရှိနေသည့်အတွက် ဓာတ်လိုက်မည့်အန္တရာယ်ကိုလည်း စိုးရိမ်ရပါသည်။

သို့ပါ၍ လူအများနှင့်သက်ဆိုင်ရာ လဝကရုံးနေရာအား အခြားကျယ်ပြန့်သောနေရာတစ်ခုခုတွင် ပြောင်းလဲဖွင့်လှစ်ပေးနိုင်ရန် စာတည်းမှူးမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ရွှေတိုင်သူ ရွှေတိုင်သားများ**

### ပျက်စီးယိုယွင်းနေသည့်လမ်းအား အမြန်ဆုံး ပြုပြင်ပေးစေလို

**စာတည်းမှူးရှင့်**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၉)ရပ်ကွက်အတွင်းရှိအောင်သပြေလမ်းသည် တနင်္သာရီလမ်းနှင့် မြရည်နန္ဒာလမ်းကြားတွင်တည်ရှိပြီး YBS ပြေးဆွဲရာ အဓိကလမ်းမကြီးဖြစ်သော စည်ပင်လမ်းမကြီးနှင့် ကပ်လျက်နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအနီးတွင် တည်ရှိသည့်အတွက် ရပ်ကွက်အတွင်းရှိ အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ နေ့စဉ်ဖြတ်သန်းသွားလာရာတွင် အဓိကအသုံးပြုနေရသည့် လမ်းတစ်လမ်းဖြစ်ပါသည်။

အဆိုပါအောင်သပြေလမ်း၏ လမ်းမျက်နှာပြင်သည် နိမ့်ကျပျက်စီးနေပြီး ရေစီးရေလာကောင်းမွန်မှုမရှိသည့်အတွက် လမ်းပေါ်တွင် ရေများဝပ်နေခြင်း၊ ၊ရွှံ့နွံများ၊ အမှိုက်သရိုက်များကြောင့် မကောင်းသော အနံ့အသက်များ ထွက်နေခြင်း၊ လမ်းပေါ်ရှိ ချိုင့်ခွက်များကြောင့် သွားလာရန် ခက်ခဲခြင်းတို့ကို ရပ်ကွက်အတွင်းရှိ လမ်းသူလမ်းသားများနှင့် ပြည်သူများ ခံစားနေရသည်မှာ ကြာမြင့်လျက်ရှိပြီဖြစ်ပါသည်။

ယခုကဲ့သို့ မိုးရာသီတွင် ယခင်ကထက်ပင် သွားလာရန် အခက်အခဲကြုံတွေ့နေရပါသဖြင့် ပျက်စီးယိုယွင်းနေသည့် အောင်သပြေလမ်းအား သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ပေးနိုင်ပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**(၁၉) ရပ်ကွက်မှ ပြည်သူတစ်ဦး**

### ကားမှတ်တိုင်တွင် နားနေဆောင်တစ်ခု ပြုလုပ်ပေးစေလို

**စာတည်းမှူးခင်ဗျား**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စည်ပင်လမ်းပေါ်ရှိ ကုန်ပဒေသာ ကားမှတ်တိုင်၌ YBS (၆/ ၅၉/ ၁၁၀/ ၃) နှင့် အခြား ခရီးသည်တင်ယာဉ်များ ပြေးဆွဲနေသော်လည်း ခရီးသည်များ နားနေဆောင်မရှိသည့်အတွက် သက်ကြီးရွယ်အိုနှင့် သံဃာတော်များ၊ ခရီးသွားပြည်သူများ ဘတ်စ်ကားစောင့်နေသည့်အချိန်တွင် သက်သောင့်သက်သာနားနေနိုင်ရန် တောင်ဒဂုံစည်ပင်လမ်း ကုန်ပဒေသာမှတ်တိုင်၌ (Bus Stand) အဆောင်တစ်ခု ဆောက်လုပ်ပေးနိုင်ပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်ခင်ဗျား။

**ခရီးသည်တစ်ဦး**

#### ပြည်သူ့ထံမှပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

## မြိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



မြိတ် ဇူလိုင် ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ် ဦးစီးမှူးရုံး ဝန်ထမ်းများက ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် အထက(၇) နှင့် အထက(၂)ကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ထွန်းလင်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးနေမှုကို လွှတ်တော် ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကြကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့၌ ရေယာဉ်မီးငြိမ်းသတ်ခြင်းနှင့် ရေပြင်အသက်ကယ်ခြင်း ဇာတ်တိုက်လေ့ကျင့်



ဘုတ်ပြင်း ဇူလိုင် ၉

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် မီးသတ်ဦးစီးဌာနက ရေယာဉ်မီးငြိမ်းသတ်ခြင်းနှင့် ရေပြင်အသက်ကယ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ဗိုလ်လှဖေတံတားအနီးရှိဘုတ်ပြင်းချောင်းအတွင်း၌ ဇာတ်တိုက်လေ့ကျင့်သည်။

ဇာတ်တိုက်လေ့ကျင့် ရာတွင် ဘုတ်ပြင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်းအဖွဲ့များက ပင်လယ်အတွင်း စက်လှေမီးလောင်မှု ဖြစ်ပွားသည့်နေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေး ရေယာဉ်ဖြင့် မီးလောင်နေသော စက်လှေအား မီးငြိမ်းသတ်ခြင်း၊ ရေယာဉ်ပေါ်မှလုပ်သားများအားကယ်ဆယ်၍ အရေးပေါ်ရှေးဦးပြုစုခြင်း၊ လူနာများအား ဗိုလ်လှဖေတံတားအတွင်း အသင့်ရှိနေသည့် ပရဟိတအရေးပေါ် လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ခြင်းများကို စုပေါင်းဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ခရိုင်အဆင့် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



သာယာဝတီ ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တွင် ခရိုင်အဆင့် မိုးရာသီ ဒုတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်အမှတ် (၈၀/၅ ဖာလုံ) ဂုံမင်းမြောင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား စိုက်ပျိုးမည့်ပျိုးပင်များ ဖြန့်ဝေပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက ကျွန်း၊ ကံ့ကော်၊ ခရေ၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်းရှား အပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အခွန်ပညာပေးဆွေးနွေး



ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ပညာပေးဆွေးနွေးပွဲကို ယမန်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစည်းဝေးခန်းမ)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက အခွန်အကြောင်းသိကောင်းစရာများနှင့် ဦးစီးအရာရှိ ဦးရဲနိုင်ဝင်းက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ အခွန်အကြောင်းသိကောင်းစရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဇူလိုင် ၉

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ အခွန်အကြောင်း သိကောင်းစရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိဦးသာညွှန်းအဆောင်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ဟန်က အခွန်အကောက်ဆိုင်ရာ အသိပညာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အခွန်အကြောင်းသိကောင်းစရာများကို အမေး၊ အဖြေကဏ္ဍဖြင့် ဆောက်ရွက်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



**ကော့မှူး ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာ ပြည်သူများနှင့်ပူးပေါင်း၍ ပြုလုပ်သောပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကော့မှူးမြို့နယ် ကိုးထောင်ကျေးရွာ လှည်းဆိပ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်းနှင့် ဦးလေးစိုးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ပြည်သူ့စကားဝိုင်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စပါးအထွက်နှုန်းတိုးတက်ဖို့မျိုးကောင်းမျိုးသန့်စိုက်ပျိုးစို့၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအကြောင်း၊ ယခုနှစ်အတွင်း ဝန်ကြီးဌာန၏မူဝါဒနှင့် ကျေးလက်လမ်း/တံတားများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်၊ ချေးငွေထုတ်ချေးခြင်း အကြောင်း၊ ဆည်မြောင်းကဏ္ဍအကြောင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသောပြည်သူများမှ သိလိုသည့်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



# သာပေါင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**သာပေါင်း ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်သူ့ စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁) ရပ်ကွက် ကညင်ချောင်းဓမ္မဗိမာန်ကျောင်းတိုက် ဓမ္မဝိဇယဓမ္မာရုံတွင် ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်က လွှတ်တော်နှင့်ပတ်သက်သည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဧရာထိုက်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့ဝင်းက ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့၏ ဌာနလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြကာ တက်ရောက်လာကြသော ပြည်သူများက သိလိုသည်များကိုမေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းပေးခဲ့ကြကြောင်း သိရသည်။

**သာပေါင်း (ပြန်/ဆက်)**

## (၉-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀.၂ ~ ၃၆၆၈ | ၅၅၇.၄ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၂၇၈,၀၁၇.၃၂ | ၆,၁၇၈,၂၆၅.၀၀ | ၄၄,၅၂၄,၆၃၆.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ အီလက်ထရောနစ်ပစ္စည်း၊ ဓာတ်မြေသြဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁.၁၆ သန်းအား စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၁၀ သန်းအား CMP ကုမ္ပဏီများသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၀.၀၀ သန်းအား LNG တင်သွင်းသည့်ကုမ္ပဏီသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုး ရေးနေ့အထိမ်းအမှတ်စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်က အထက်သဲကုန်ကုန်ထုတ် လမ်းဘေးဝဲယာတွင်ကျင်းပရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများနှင့် မြို့နယ် သစ်တောဦးစီးဌာနမှဝန်ထမ်းများက မန်ဂျန်ရှား အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြစဉ်။

ကောင်းမြတ်သူ(မှော်ဘီ)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၉**

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူ စားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


### ❖ မုတ်သုံလေမှ


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ် များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ် များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




၁၂-၇-၂၀၂၆ မှ ၁၇-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ် (၃၄၆)၊ မြေကွက်တည်နေရာအမှတ်– ၃၄၆၊ သခင်အုန်းခင်လမ်း၊ (၂၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင် [၁၄/ဝခမ(နိုင်) ဝ၁၁၃၉၇] အမည်ပေါက် နှစ်(၆ဝ)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၇၈/၂၀၂၅ဖြင့် ဦးလွင်မင်းသန့်မှ (တရားလို) ပြု၍ ဦးအောင်အပေါ် (တရားပြိုင်)ထားကာ "မြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ် ချုပ်ဆိုပေးစေလိုမှု"ဖြင့်စွဲဆိုခဲ့ရာ ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၃၀–၅–၂၀၂၅)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်– ၁၁၄/၂၀၂၅ ၏ (၁၅–၈–၂၀၂၅)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံ မြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၉–၉–၂၀၂၅)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆ဝ)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သရဖီမောင်(ခ) ဂျူးဂျူး [၁၂/မရက(နိုင်) ၁၇၃၆၆၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သရဖီမောင်(ခ)ဂျူးဂျူး [၁၂/မရက(နိုင်) ၁၇၃၆၆၅]သည် ၎င်း၏လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အမည်ကောင်း သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ဒေါ်သရဖီမောင်(ခ)ဂျူးဂျူး၏ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်သော မဟုတ်မမှန်သတင်းများပြောဆိုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖန်တီးပြောဆိုခြင်းများအား လူမှုကွန်ရက်အင်တာနက်စာမျက်နှာများတွင်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက် အသုံးပြု၍လည်းကောင်း၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများကြားတွင်လည်းကောင်း ပြောဆိုပြုလုပ်တွေ့ရှိနေရပါသဖြင့် အစရှိသည်တို့ကို ပြုလုပ်သူမည်သူမဆို သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဆက်သွယ်ရေးဥပဒေများဖြင့် ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သီရိရွှေစင်(LL.B, D.B.L)** | **ဦးဟိန်းသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၁၆၂၁)** | **အထက်တန်းရှေ့နေ(စဉ်–၅၁၄၇၁)** |
| **စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊** | **အမှတ်– ၃၇၂၊ မင်္ဂလာလမ်းသွယ်(၁)၊** |
| **ရန်ကုန်မြို့။ ဖုန်း–၀၉–၇၆၈၅၀၀၄၅၆၊** | **စော်ဘွားကြီးကုန်းရပ်ကွက်၊** |
| **၀၉–၄၂၁၀၅၆၆၇၆** | **အင်းစိန်မြို့နယ်။ ၀၉–၄၂၃၀၀၀၄၃၇** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄

| | | |
|---|---|---|
| ဒေါ်မာချို | နှင့် | ဒေါ်ညွန့်တင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၃၆)နေ တရားပြိုင် ဒေါ်ညွန့်တင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထိုက်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ် (၆၁၆/၄)၊ ဦးပိုင်အမှတ်(၇၀)ခဲစင်း၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်အားချထားပေးခြင်းခံရသူ ဒေါ်အုံးတင် [၉/မကန(နိုင်) ၀၄၁၃၃၁]က အမှုတွဲအမှတ်(၀၈၂၀/ ၂၀၂၆–၂၀၂၇) ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၄)၊ ဦးပိုင်အမှတ်(၃၆)ခဲစင်း၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသူ ဦးခင်မောင်ကြည် [၉/မလန(နိုင်)၀၄၂၅၂၄] ကအမှုတွဲ အမှတ်(၀၈၁၉/ ၂၀၂၆–၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဓနတနာသုခလမ်း အမှတ်(၅၀/က)ဟုခေါ်သည့် ဓနတနာသုခကွန်ဒို၏ (တတိယထပ်/အရှေ့ဘက်မျက်နှာစာခြမ်း)အခန်းအမှတ် (3-B)အကျယ်အဝန်း(၁၃၀၀)စတုရန်းပေခန့်ရှိသည့်ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

### အများသိစေရန်ကြေညာခြင်း

အထက်ပါကွန်ဒိုတိုက်ခန်းကို အရောင်းအဝယ်သဘောတူကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်ဇင်မာထွေး(၁၂/ကမရ(နိုင်)၀၇၆၁၅၂)က အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ၁။ဦးအောင်ကိုကို(၁၂/လမတ(နိုင်)၀၃၆၁၁၇) ၂။ဒေါ်ဆုသက်ဝေ(၁/မကန(နိုင်)၁၈၁၂၆၀)တို့က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| ဦးသန့်ဇင် ( LL-B ) | ဒေါ်ဟန်နွေနိုင် ( LL-B) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၄၇၇) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်းကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၄/၂၊ မြေကွက်အမှတ်– ၁၁၈/၂၊ မြေဧရိယာ (၀.၀၃၀)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ဟုခေါ်တွင်ပြီး အမှတ်– ၁၁၈/၂၊ ဇင်ယော်လမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၌ ဦးနိုင်ဦးအောင် [၆/ထဝန (နိုင်) ၀၉၇၇၂၇] ကိုင်ဆောင်သူမှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီလွင်(ခ) ဒေါ်အေးသီတာ [၁၂/မဂတ(နိုင်) ၀၀၀၀၉၅] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာမွေး [LL.B, M.P.A, D.B.L, D.M.L, D.I.L, D.G.I, D.Apsy]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၁၄၈)**
**အမှတ် (၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၇၀၃၄၈၈၄၄၊ ၀၉–၄၂၀၀၂၂၂၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ကံကော်လမ်း၊ (၅)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်–ရွှေဘုံသာအိမ်ရာ စီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၁၉)၊ မြေဧရိယာ (၀.၂၃၉)ဧက၊ ဣစ္ဆိတံကုမ္ပဏီလီမိတက် အမည်ပေါက် ပါမစ်မြေအား အဆက်အစပ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ဇော (ဘ) ဦးရန်ကျင်းချန် နိုင်ငံသားအမှတ် [၉/မနမ (နိုင်)၀၉၄၂၆၅] ကိုင်ဆောင်သူမှ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ သူဖြစ်ကြောင်း ဝန်ခံကတိပြုခြင်းအား ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်သည်ဖြစ်၍ အပြီးအပိုင်ဝယ်ယူရန်အလို့ငှာ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်သည်။ အဆိုပါ မြေအား အပြီးတိုင်အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ်တွင် ကန့်ကွက်လိုပါက ဤကြေညာသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း(များ)နှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန္ဒာသောင်း LL.B, DBA, M.B.A**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၈၄)**
**ဖုန်း–၀၉–၅၁၈၁၇၉၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ် (၆၁၆/၄)၊ ဦးပိုင်အမှတ် (၇၈)၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသူ ဒေါ်အေးခိုင် [၅/ဝလန(နိုင်)၁၆၈၄၅၄]က အမှုတွဲအမှတ်(၀၈၁၅/ ၂၀၂၆–၂၀၂၇) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၄)၊ ဦးပိုင်အမှတ်(၇၇)၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်အားချထားပေးခြင်းခံရသူ ဦးမြင့်မြတ်အောင် [၅/ယမပ(နိုင်) ၁၁၂၅၀၂] ကအမှုတွဲအမှတ် (၀၈၁၄/ ၂၀၂၆–၂၀၂၇) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃–စီ–၅၊ မြေကွက်အမှတ်–၁၀၇၊ (၀.၀၂၉)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၁)၊ ၁၃၉–လမ်း၊ မအူကုန်း ရပ်ကွက်၊ တာမွေမြို့နယ်၊ (၁) ဦးအောင်စိုး [၁၀/ကထန(နိုင်) ၀၁၄၈၅၂]၊ (၂) ဦးဌေးအောင် [၁၂/တမန (နိုင်) ၀၄၉၁၀၈]၊ (၃) ဒေါ်တင်တင်မြ [၁၂/တမန (နိုင်) ၀၀၇၃၉၃]၊ (၄) ဦးစောဝင်း [၁၂/တမန (နိုင်) ၀၄၉၀၈၈]၊ (၅) ဒေါ်ညွန့်ညွန့်ရီ [၁၂/လသန(နိုင်) ၀၀၄၁၇၅]၊ (၆) ဦးခင်စိုး [၁၂/တမန (နိုင်) ၀၆၄၅၈၆]၊ (၇) ဒေါ်စန်းစန်းဝင်း [၁၂/ရကန (နိုင်) ၀၅၂၇၆၆]၊ (၈)ဦးနေမျိုး [၁၂/တမန(နိုင်) ၀၈၈၀၆၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (၈)ဦးအနက် အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဌေးအောင်သည် ၁၇–၇–၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်တင်တင်ဝင်းသည် ၂–၁–၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ကွယ်လွန်သူ၏ ပိုင်ဆိုင်ခွင့်အစုအား ပိုင်ဆိုင်သူ ဒေါ်ဝင်းလဲ့ဖြူ [၁၂/တမန(နိုင်) ၀၉၂၅၇၁] မှ ကျန်အမည်ပေါက် (၇)ဦးဖြစ်သော ဦးအောင်စိုး၊ ဒေါ်တင်တင်မြ၊ ဦးစောဝင်း၊ ဒေါ်ညွန့်ညွန့်ရီ၊ ဦးခင်စိုး၊ ဒေါ်စန်းစန်းဝင်း၊ ဦးနေမျိုးတို့နှင့်အတူ ဂရန်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ ကွယ်လွန်သူ မိဘများတွင် သမီးအရင်းဖြစ်သူ မိမိတစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး မိမိမှလွဲ၍ အခြားသော သားသမီး/မွေးချင်း၊ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝ မရှိပါကြောင်း၊ ဖခင်ဖြစ်သူ ဦးဌေးအောင်၏ ပိုင်ဆိုင်ခွင့်အစုအား မိမိသာလျှင် တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်ဝင်းလဲ့ဖြူ၏ (၂၁–၅–၂၀၂၆)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

သန်လျင်မြို့နယ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း (ဖားကူး)၊ Grade – 12 မှ မစုယွန်းသွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း [၁၂/သလန(နိုင်) ၁၁၀၂၀၇] ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဘ) ဦးကျော်နိုင်ဝင်း [၁၂/မဂတ(ပြု) ၀၀၁၂၃၃]၏သား မောင်ဥက္ကာမြင့်မြတ်အား မောင်လင်းဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

## "တိုက်ခန်း လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန်းနွဲ့ကုန်းဘောစိလမ်း၊ ပိန်းနွဲ့ကုန်းရပ်ကွက်၊ အမှတ်(၁၄၂)နေ ဦးကျော်မြင့် [၁၂/ အစန (နိုင်) ၁၅၇၄၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄–လမ်း၊ ကန်တောင်/ရပ်ကွက်၊ အမှတ်(၃၅)၊ မြေညီ၊အကျယ်အဝန်း (၂၂ပေx၅၅ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဦးရှမ်ရှူမုဟာမွဒ် [၁၂/ မဂတ(နိုင်) ၀၇၅၆၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့် [၁၂/အစန(နိုင်) ၁၅၇၄၀၄]က (၂၅–၁–၂၀၂၃)ရက်နေ့တွင် "နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ ရောင်းဖိုးငွေအပြည့်အဝပေးချေကာ အပြီးအပိုင်လက်ရောက်ရရှိပြီးဖြစ်သော တိုက်ခန်းဖြစ်ကြောင်းနှင့် အခြားသူများသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းထားခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၃၁၁၃၉၈၄၅၊ ၀၉–၉၆၄၁၁၃၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၄)ရပ်ကွက်၊ ချယ်ရီဥယျာဉ် အိမ်ရာ၊ တိုက်(Lot–2)၊ အခန်း(1A)၏ အမည်ပေါက် ဦးသိန်းသန်းအောင်[၁၂/ဗဟန(နိုင်)၁၀၁၂၇၂]ထံမှ ဒေါ်စန်းစန်းကြည် [၁၂/ရကန(နိုင်)၀၂၈၅၆၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၉)၊ မြေကွက်အမှတ်(၅၇၃)၊ လူနေရပ်ကွက်အမှတ် (၁၄၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဦးစောအီရှေးသာ [၁၂/ရကန(နိုင်) ၀၄၆၈၉၂] အမည်ဖြင့်မှတ်သားတည်ရှိပြီး အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူဖြစ်သော ဒေါ်ချိုသန္တာဦး [၁၂/ဥကတ(နိုင်) ၁၈၃၃၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (၆–၇–၂၀၂၆) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၇၆၈၃၂၀၄ ၊ ၀၉–၄၅၀၂၇၉၄၆၈**

## အများသိစေရန်ကြေညာခြင်း

ဦးဇာဖြိုးအောင် [၉/ပသက(နိုင်) ၀၇၆၈၈၀]၊ ပြည်သာယာလမ်းနှင့် ကန်သာယာလမ်းထောင့်၊ စစ်ပင်တောင်အောက် ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးဇာဖြိုးအောင်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၃၆)ရပ်ကွက်၊ ဟံလင်းကျောကပ်လမ်း၊ အမှတ်(၃၃၇)၊ ဧရိယာအလျား (၂၀x အနံ၆၀)ပေရှိ ခြံမြေအား (၇–၇–၂၀၂၆)ရက်နေ့တွင် ပိုင်ရှင်များဖြစ်သည့် ဒေါ်မိုးမိုးလှိုင်(ခ) ဒေါ်မြမြဝင်းထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ဦးဇာဖြိုးအောင်မှ တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိပြီး တခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းမျိုး မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာဖြိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေဇာမိုး (LL.B , D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် –၃၄၄၀၂)**
**တိုက် အမှတ်( ၂၅)၊ အခန်း(၃၀၅) အောင်မြင့်မိုရ်အိမ်ရာ၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၅၂၀၈၇၂၉၀၊ ၀၉–၆၇၈၄၆၂၇၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ သဝန်းတောကျေးရွာအုပ်စု၊ ကျွဲသလင်း ကျေးရွာတွင် နေထိုင်သော (ဘ) ဦးမိုးလေး၏သမီး [၁၂/တတန(နိုင်) ၂၄၂၂၅၇] ကိုင်ဆောင်သူ ဒေါ်သဇင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ သဝန်းတောကျေးရွာအုပ်စု၊ သဝန်းတောကျေးရွာတွင် နေထိုင်သော(ဘ)ဦးကျော်ဝင်း၏သမီးဖြစ်သူ ဒေါ်ဌေးရီနှင့် သဝန်းတောကျေးရွာအုပ်စု၊ ကျွဲသလင်းကျေးရွာတွင် နေထိုင်သော (ဘ) ဦးမိုးလေး၏သမီး [၁၂/တတန(နိုင်) ၂၄၂၂၅၇]ကိုင်ဆောင်သူ ဒေါ်သဇင်အေးတို့ နှစ်ဦးပိုင်ဆိုင်သည့် သဝန်းတောကျေးရွာရှိ အရှေ့လားသော်– ဦးခင်ညို၏နေအိမ်၊ အနောက်လားသော်– ဦးသန်းခိုင်နေအိမ်၊ တောင်လားသော်– စမ်းလမ်း၊ မြောက်လားသော်– ဦးပိုးလေး၏နေအိမ် ၎င်းနယ်နိမိတ်လေးရပ်အတွင်း တည်ရှိသော အိမ်ခြံမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သဇင်အေး၏ ခွင့်ပြုချက်မရှိဘဲ၊ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းပေးကမ်းခြင်းတို့ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သဇင်အေး (ဘ) ဦးမိုးအေး** | **ဒေါ်နီနီလွင် (LL.B)** |
| **[၁၂/တတန (နိုင်) ၂၄၂၂၅၇]** | **တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၉၄၂) (၃၁–၁–၂၀၁၇)၊** |
| **သဝန်းတောကျေးရွာအုပ်စု၊** | **မင်္ဂလာလမ်း၊ အိုးဘိုအရှေ့ရပ်ကွက်၊ တွံတေးမြို့။** |
| **ကျွဲသလင်းကျေးရွာ၊ တွံတေးမြို့။** | **၀၉–၄၂၁၃၃၀၉၁၉** |

**Notice to Creditors**
**KB Kookmin Card Co., Ltd.**
**(Yangon Representative Office)**
**(Registration No. 111744203)**

KB Kookmin Card Co., Ltd. have decided to cease to carry on its business in Myanmar through KB Kookmin Card Co., Ltd. (Yangon Representative Office). To carry out all actions related to ceasing business in Myanmar, Daw Rosalind (Advocate – 9685), Insolvency Practitioner Registration No. 103156 is appointed to act as the liquidator.

All creditors of KB Kookmin Card Co., Ltd. (Yangon Representative Office), if any, are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, no later than July 31, 2026. In default thereof they will be excluded from the settlement of such debts or claims.

**Daw Rosalind**
**Liquidator**
**Advocate 9685, Insolvency Practitioner**
**Registration No. 103156**
**Room No. (26), First Floor, Building No. 55,**
**Mahabandula Park Street, Kyauktada Township,**
**Yangon, Phone: 09 509 3115, 09 9411 48496**

## Notice for Final Closure of World Commerce Corporation (Myanmar Branch)

Notice is hereby given that World Commerce Corporation (Myanmar Branch) (Registration No. 111083495), has carried out the winding up process since May 31, 2020. Now, the winding up of World Commerce Corporation (Myanmar Branch) is complete effective as of July 15, 2026. **Daw Rosalind**

**Liquidator**
**Advocate – 9685, Insolvency Practitioner**
**Registration No. 103156**
**Room No. (26), First Floor, Building No. 55,**
**Mahabandula Park Street, KyauktadaTownship,Yangon**
**Phone: 09 509 3115, 09 9411 48496**

## Notice for Final Closure of TM–KW TRADING COMPANY LIMITED (In Members' Voluntary Winding Up)

Notice is hereby given that Final Meeting of shareholders of TM–KW Trading Co., Ltd. will be held at No. 330, Yangon International Hotel, Ahlone Road, Dagon Township, Yangon on July 15, 2026 at 11:00 AM.

Liquidator's final report and statement of accounts will be submitted to the Final Meeting and final closure of TM–KW Trading Co., Ltd. will be approved by the shareholders.

**Daw Rosalind**
**Liquidator**
**Advocate–9685, Insolvency Practitioner**
**Registration No. 103156**
**Room No. (26), First Floor, Building No. 55,**
**Mahabandula Park Street, Kyauktada Township,**
**Yangon,**
**Phone: 09 509 3115, 09 9411 48496**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပရွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်–၃၅၉ (B)၊ ထိုးဝါးချောင်းအနောက်၊ ဦးပိုင်အမှတ် (၂)၊ မြေအမျိုးအစား **(R–3)**၊ ဦးစိုးနိုင် အမည်ပေါက် ပုံစံ(၇)ထွက်ရှိသော လယ်မြေ(၇.၆၄) ဧကထဲမှ (၃.၂၇) ဧကအား ဦးစိုးနိုင်မှ ပြန်လည်ရောင်းချ၍ **ဦးဟန်စိုး [၁၂/ထတပ(နိုင်)၀၆၃၉၄၂]**က ၀ယ်ယူထားခဲ့ပါသည်။ ဆက်စပ်စာချုပ်များအရ ၀ယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိထားသူ ဦးဟန်စိုးမှ ဦးချစ်စိုးဟိန်း [၁၂/ထတပ (နိုင်)၀၇၂၆၂၇] ထံသို့ပြန်လည်ရောင်းချခဲ့ပါသည်။ ယင်းမြေကွက်ထဲမှ ပရွတ်ကျေးရွာ၊ ရွာအ၀င်လမ်းမကြား၊ မြေကွက်အမှတ် (၁၄၊ ၁၅)၊ အကျယ်အ၀န်း (၂၀'x ၆၀') အကျယ်ရှိ ခြံမြေကွက် (၂) ကွက်အား ဦးချစ်စိုးဟိန်းမှ ပြန်လည်ရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နော်ယုဇာခြည်ခိုင် [၁၄/မအပ (နိုင်)၁၆၂၆၂၃]**သည် အပြီးအပိုင်၀ယ်ယူရန် (၂၄–၆–၂၀၂၆) ရက်နေ့က စရန်ငွေပေး ကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာမှတ်စာတမ်း **(မူရင်း)**များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးစိန်(LLB, DBL, DML, DA.PSY)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၈၀/၂၀၁၉)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (E–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၃၃၆၃၅၇၀၊ ၀၉–၉၅၉၇၂၇၆၅၇**

## ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉–ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်(၂၉) Magical World Exquisite ကွန်ဒို၊ တိုက်(A)၊ ၃–လွှာ၊ အခန်းအမှတ်(322)ဟု ခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းအရောင်းအ၀ယ်ကိစ္စအပေါ် ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လက်၀ယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၀န်ခံကတိပြုသူ ဦးရဲကျော်သူ [၁၂/ပဇတ(နိုင်)၀၁၀၃၅၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ၀ယ်ယူရန်အတွက် ရောင်းဖိုးငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအ၀ယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇေယျာဦး** | **ဦးအောင်ကိုလင်း LL.B, D.B.L** |
| **[၉/မကန(နိုင်)၁၀၅၀၃၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၀၇၂)** |

**အမှတ် (၅၈)၊ ပ–ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၀၄၀၆၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၁)၊ ပြည်ရိပ်သာလမ်း၊ မြေကွက်အမှတ် (၄၉၉) ပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံအမှတ် (၄၉၉)၊ (၈ ၃/၂) ထပ်တိုက်မှ (၁) လွှာ၊ (A) ခြမ်းရှိ အခန်းအမှတ် (၁၀၂) ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၁)၊ ပြည်ရိပ်သာလမ်း၊ မြေကွက်အမှတ် (၄၉၉)ပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံအမှတ်(၄၉၉)၊ (၈ ၃/၂) ထပ်တိုက်မှ (၁) လွှာ၊ (A) ခြမ်းရှိအခန်းအမှတ် (၁၀၂)၊ ဧရိယာ ခန့်မှန်း (၂၀၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများဖြစ်သည့် Aircon (၆)လုံး၊ ရေမော်တာ၊ ကိုယ်ပိုင်မီတာ၊ Car Parking အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေရှင်ထံမှ စာချုပ်အဆက်ဆက်ဖြင့် ၀ယ်ယူ လက်၀ယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူထံမှ (၆–၉–၂၀၂၄) ရက်စွဲပါ **"နှစ်ဦးသဘောတူကွန်ဒိုတိုက်ခန်း အရောင်းအ၀ယ်ကတိစာချုပ်"** ဖြင့် ကျွန်မမှ ၀ယ်ယူလက်၀ယ်ပိုင်ဆိုင်ထားပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ အငှားချထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမျိုး လုံး၀မရှိဘဲ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုတင် တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုတင်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခိုင်စိန်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၁၀)**
**အမှတ်–၁၂၃၊ ပိတောက်(၄)လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၅၇၀၉၈၃၇၃**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမွန်ကုလား (AB 113471)အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၃၇၁)၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အ၀န်း(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်ကြီးထဲမှ တရား၀င်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(၂၀x၆၀)ပေရှိ ဂရန်မူရင်းခြမ်းထောင့်ကွက် မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဇင်သူအောင်စိုး[၁၄/မမန(နိုင်)၁၈၈၉၉၆]နှင့် ဒေါ်ပိုးအိဖြူ [၁၂/ဗဟန(ဧည့်)၀၀၀၂၃၆]တို့က အရပ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူ၀ယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေတို့မှ ၀ယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအ၀ယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းဇာထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၂၂)**
**အမှတ်(၃၀)၊ သုခလမ်း၊ မြေနီကုန်း(မ)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၈၀၉၉၉၇**

## မူကြမ်းရေးသားထားသည့်စာချုပ်စာတမ်းကို ကန့်ကွက်ဖော်ပြရန်နို့တစ်စာ
## ( အမိန့်အမှတ်– ၂၁၊ နည်း – ၃၄ )
## ကမာရွတ်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ် ၊ တရားမဇာရီမှုအမှတ် – ၂၂

| | | |
|---|---|---|
| ဒေါ်ယမင်းဖြူ | နှင့် | ၁။ ဦးမင်းအောင်ညီညီသန်း |
| | | ၂။ ချင်ဖီကွန် (ခ) ဒေါ်ခင်သိန်းဝင်း |
| | | ၃။ ဒေါ်အေးအေးနှင်းလှိုင် |
| | | ၄။ ဒေါ်ချိုချိုဝင်း |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ်(၃၄)နေ (၂) တရားရှုံး ချင်ဖီကွန်(ခ) ဒေါ်ခင်သိန်းဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၉၁၊ L2B ) နေ (၃)တရားရှုံး ဒေါ်အေးအေးနှင်းလှိုင် (ယခုနေရပ်လိပ်စာမသိသူများ)** သိစေရမည်။

၂၀၂၆ ခုနှစ်၊ မေ လ ၃ ရက်နေ့တွင် အထက်အမည်ပါ အမှုတွင် ဒီကရီအနိုင်ရသူက ယခုပူးတွဲပါ စာချုပ်မူကြမ်းတွင် ဖော်ပြပါရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအတွက် မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်ကို သင်၏ ကိုယ်စား ရုံးတော်က ချုပ်ဆိုပေးပါမည့်အကြောင်း လျှောက်လွှာတင်သွင်း၍ အဆိုပါ လျှောက်လွှာကို စစ်ဆေးကြားနာရန် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယ၀ါဆိုလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီကို ချိန်းဆိုကြောင်း သင်သိသာရန် နို့တစ်စာပေးအပ်သည်။ ဆိုခဲ့သည့်နေ့ရက်တွင် သင်လာရောက်ခွင့်ရသည့်ပြင် ၎င်းစာချုပ်မူကြမ်းကို တစ်စုံတစ်ရာ ကန့်ကွက်ချက်ရှိလျှင် စာဖြင့် ရေးသား၍ လျှောက်ထားခွင့်ရသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆–အီး)၊ မြေကွက်အမှတ်(၁၀၃ စီ/၅–၁– က)၊ ဧရိယာ (၀.၁၁၅) ဧကရှိ မြေပိုင်မြေ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ အောင်မင်းခေါင်လမ်း၊ အိမ်အမှတ် (၁၆/ဘီ) ဟု ခေါ်တွင်သည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအ၀င် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့အား။**

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ယခုရုံးတော်တံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ဇော်မင်းထွဋ် )**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**


## ရွှေမိုးကောင်းကွန်ဒို မှ အထူးပရိုမိုးရှင်း

**(၂၅%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။**

**Condo Facilities**

- (24 Hour) Lift/Electricity/Security & CCTV
- Own Meter Sub Meter
- Fiber Internet System
- Swimming Pool & Gym
- Play Ground & Garden
- EV Car Station
- Grond Floor Area, Shopping Mall
- Sqft (1000) အထက်ကို ကားပါကင် (၁)စီးရာသက်ပန်အပိုင်ရရှိခွင့်
- Sqft (1000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
- Water System, Overhead Tank & Underground Tank

**ဆက်သွယ်ရန်ဖုန်း – ၀၉–၃၆၁၂၈၈၁၄၊ ၀၉–၂၅၄၀၃၄၈၃၁**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆ - A)၊ မြေကွက်အမှတ်(၁၀၀)၊ မြေအကျယ်အ၀န်း (၈၀ ပေ × ၈၀ ပေ)၊ ဧရိယာ(၀.၁၄၇)ဧက၊ (၆၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ကေသီ၀င်း (၁၃/ကလန(နိုင်)၀၂၄၃၂၅)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရား၀င်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၀န်ခံကတိပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်၀ယ်ယူရန်အတွက် အရောင်းအ၀ယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုမြတ်မောင်(LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း (LL.B)** |
| အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ် - ၅၃၈၇၈) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ –၄၂၈၀၂၂၃၈၄၊ ၀၉ –၄၂၆၈၇၆၆၆၀၊ ၀၉ –၇၆၉၈၂၃၄၁၇၊ ၀၉ –၄၄၅၆၅၉၀၁၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U9)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်(၃၃၄)၊ မြေအကျယ်အ၀န်း(၆၀ ပေx ၈၀ ပေ)၊ ဧရိယာ(၀.၁၁၀)ဧက၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်နွဲ့ယဉ်ဝင်း[၆/ကသန(နိုင်)၀၀၄၁၉၀]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရား၀င် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၀န်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်စန်းစန်းဝင်း[၁၃/လရန(နိုင်)၂၈၁၉၇၃]** ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်စန်းစန်းဝင်း**က အပြီးအပိုင်၀ယ်ယူရန်အတွက် အရောင်းအ၀ယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | | |
|---|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်လဲ့လဲ့မွန်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၁၈၇၉၆)** | **(စဉ်–၅၆၆၂)** | **(စဉ်–၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၃၁၁၄၆၅၄**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၉

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာ စကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ★




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

ယနေ့နံနက်မှ ၁၁-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။




# ရန်ကုန်တိုင်းဒေသကြီးအတွင်း ခါးပိုက်နှိုက်မှု ၁၁၇ မှုမှ တရားခံ ၉၉ ဦးတို့အား ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ခါးပိုက်နှိုက်ကျူးလွန်သူတရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ YBS ယာဉ်လိုင်းများ၊ ကားမှတ်တိုင်များနှင့် အများပြည်သူ သွားလာလျက်ရှိသည့်နေရာများတွင် အုပ်စုဖွဲ့ခါးပိုက်နှိုက် ကျူးလွန်မှုများ လျော့နည်းကျဆင်းစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၇ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင်၊ အင်းစိန်၊ လှိုင်သာယာ (အရှေ့ပိုင်း)၊ လှိုင်သာယာ(အနောက်ပိုင်း)၊ သဃ်န်းကျွန်း၊ ဗိုလ်တထောင်၊ ဒေါပုံ၊ သာကေတ၊ လသာ၊ စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❂

# ယနေ့ မိုးလေဝသ (၁၀-၇-၂၀၂၆)

| | |
|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ |
| ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ |

မိုး/ဇလ

## ယနေ့ ဖတ်စရာ

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကျင်းပ**

**အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီးနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး**

စာမျက်နှာ » ၆

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၁၀

# ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဝါသနာရှင်နှင့် သက်ကြီးတန်းဂေါက်သီးပြိုင်ပွဲ ဩဂုတ်လဆန်း ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (Amateur) နှင့် ဝါသနာရှင်သက်ကြီးတန်း (Senior Amateur) ပြိုင်ပွဲများကို ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားဝါသနာရှင် (Amateur) အဆင့်၌ Handicap 0 မှ 12 အတွင်းရှိ ကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဝါသနာရှင်သက်ကြီးတန်း

စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ■